# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၆၁)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၆ ရက် ၊ ၁၇-၅-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ကိုးခုကို ခွင့်ပြု

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၃/၂၀၂၅)ကြိမ် မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ် ကြီး မြထွန်းဦးနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြ သည်။



အစည်းအဝေးတွင် ဆောင်ရွက် ဆဲ လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် သုံးခုနှင့် စက်မှုကဏ္ဍမှ မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ်ခြောက်ခုတို့ကို ခွင့်ပြုပေး ခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ရင်းနှီး မြှုပ်နှံမှုပမာဏသည် အမေရိကန် ဒေါ်လာ ၃၅ ဒသမ ၇၇၈ သန်းနှင့် ငွေကျပ် ၃၀၂၀၆ ဒသမ ၉၂၀ သန်း ဖြစ်ကြောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၇၁ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ ခွင့်ပြုပေးသည့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများတွင် ဆိုလာ နှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ် သည့်လုပ်ငန်းများ၊ လျှပ်စစ်သွယ် တန်းခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများ၊ အရန်သင့်အစား အစာများ ပြင်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်း၊ CMP စနစ်ဖြင့်အထည်ချုပ် လုပ်ခြင်းလုပ်ငန်း၊ သံ နှင့် သံမဏိ အခြေခံပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် အခြားလုပ်ငန်းများ လည်းပါဝင်သည်။

၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထား သည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်း နိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက်အများဆုံးရင်းနှီးမြှုပ်နှံ ထားသည့် ကဏ္ဍများမှာ စွမ်းအင် ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၏ ၂၈ ဒသမ ၃၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့် လည်း ကောင်း အသီးသီးရင်းနှီးမြှုပ်နှံ ထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာ သည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက် များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများ အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

## စိန်တလုံးသရက်သီးများ ပြည်တွင်းဈေးကွက်၌ အဓိကအားထား ရောင်းချနေရပြီး ဝယ်လိုအားကောင်း

**မန္တလေး မေ ၁၆**

ယခုနှစ်တွင် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် စိန်တလုံး သရက်သီးများအား ပြည်တွင်းဈေးကွက်ကို အဓိကအားထား ရောင်းချနေရပြီး ဝယ်လိုအားကောင်းနေကြောင်း သရက်သီးပွဲရုံ တချို့ထံမှ သိရသည်။

ဧပြီလလယ်မှစတင်၍ စိန်တလုံးသရက်သီးများ စတင်ထွက်ရှိ ပြီဖြစ်ရာ ပြည်တွင်းဈေးကွက်၌ အွန်လိုင်းမှလည်းကောင်း၊ သီးနှံ ပွဲရုံများနှင့် လက်လီရောင်းချမှုများဖြင့်လည်းကောင်း ရောင်းအား ကောင်းနေကြောင်း မန္တလေးမြို့ ၂၉ လမ်းမှ သီးနှံပွဲရုံမန်နေဂျာ တစ်ဦးက ပြောသည်။

"သရက်ခြံတွေက ပွဲရုံကို လာပို့တယ်။ အဲဒါကို ဈေးတွေနဲ့ ရပ်ကွက်ထဲ လှည့်လည်ရောင်းချသူတွေကတစ်ဆင့် စားသုံးသူလက်ထဲ ရောက်သွားတယ်။ အရင်နှစ်တွေက နယ်စပ်ကနေ တင်ပို့မှုအား ကောင်းခဲ့ပေမယ့် ကိုဗစ်ဖြစ်ပြီး နောက်ပိုင်းမှာ တင်ပို့မှု လျော့နည်း လို့ ပြည်တွင်းဈေးကွက်ကို အဓိက အားကိုးလာရတယ်"ဟု ၎င်း က ပြောသည်။

သရက်သီးတွင် အိတ်စွပ်သရက်သီးနှင့် အိတ်မစွပ်သရက်သီး ဟူ၍ရှိရာ အိတ်စွပ်သရက်သီးက ထုတ်လုပ်မှုကုန်ကျစရိတ်ပိုမိုသဖြင့် ဈေးကွက်တွင် အိတ်မစွပ်သရက်သီးထက် ဈေးပိုကြောင်း၊ ပြည်ပ တင်ပို့ရာ၌ အိတ်စွပ်သရက်သီးများသာ တင်ပို့ကြပြီး အိတ်မစွပ်သော သရက်သီးများကို ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

ဝ-ဝ-ဝ-ဝ-ဝ



၂၀၂၅ ခုနှစ်၊ မေ ၁၇ ရက်၊ စနေနေ့။
မန္တလေး

## ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဖိုရမ် ကျင်းပမည်

ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း (Rebuilding Myanmar: Post-Earthquake Economic Recovery) ဖိုရမ်ကျင်းပသွားမည်ဖြစ်သည်။

မန္တလေးငလျင်ကြီး ခံစားရပြီးနောက်ပိုင်း မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ပါကြောင်း။ ပြီးခဲ့သည့်မတ်လအတွင်းက နိုင်ငံတော်အဆင့်ဖိုရမ်တစ်ခုကို နိုင်ငံတကာပညာရှင်များအပါအဝင် ပြည်တွင်းပညာရှင်များဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း။ ယခုဖိုရမ်မှလည်း နိုင်ငံတော်အတွက် ကောင်းမွန်သည့်ရလဒ်များ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုကျင်းပမည့်ဖိုရမ်သို့ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူ ပြည်သူများ ပါဝင်တက်ရောက်ပြီး လက်တွေ့ကျကျ ဆွေးနွေးနိုင်ရန်နှင့် ပြည်သူများ၊ လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းဆောင်ရွက်ရန်လည်း ရည်ရွယ်ပါကြောင်း၊ အဆိုပါဖိုရမ်တွင် ကောင်းမွန်သည့်ရလဒ်များဖြင့် တိုင်းပြည်အရှေ့တစ်ခုသို့ ရောက်ရှိစေရေးအတွက် လိုအပ်သည့် ဆွေးနွေးချက်များရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ဖိုရမ်ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မန္တလေးငလျင်ဖြစ်ပွားခဲ့သည့်အတွက် အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကအဆောက်အအုံများပျက်စီးခဲ့ပြီး စီးပွားရေးနှင့်ပတ်သက်၍ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ထုတ်လုပ်ရေးကဏ္ဍတို့တွင်လည်း ပျက်စီးမှုများရှိခဲ့ပါကြောင်း၊ ယခုဖိုရမ်ကျင်းပခြင်းဖြင့် စီးပွားရေးကဏ္ဍအပါအဝင် ကဏ္ဍအချို့ကို ယခုကျင်းပမည့် ဖိုရမ်မှ ထွက်ပေါ်လာသည့်ရလဒ်များက အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖိုရမ်တွင် မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ်ရိုက်ခတ်မှုများ၊ စီးပွားရေးပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ စီးပွားရေးပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်းဟူသည့် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများအား ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း၊ ပြည်ပဈေးကွက် စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေးပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအား သိရှိနိုင်စေရန်၊ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခင်းအကျင်းနှင့် ပထဝီစီးပွားရေး အခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်ရာ ဖိုရမ်သို့ စိတ်ပါဝင်စားသူမည်သူမဆို ပါဝင်တက်ရောက်နိုင်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှာရုံ၊ အ.ထ.က (၁)အနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၁၇ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက် (၄၄၈)၊ ဒေါနခြံ၊ ဒေါနသုခလူမှုကူညီရေးရုံးအနီး၊ ကန်တော်ကြီးအရှေ့ပတ်လမ်းတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ဝန်ထမ်းများနှင့် တွေ့ဆုံ၊ ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မန္တလေး မေ ၁၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံ၍ ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၅ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်း၊ အားကစားနှင့်ကာယပညာသိပ္ပံ၊ ကြက်တောင်အားကစားခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေး၌ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီးက နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနခွဲအလိုက် နည်းပြများ၊ သင်တန်းမှူး၊ အိပ်ဆောင်မှူးများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေး၊ ဝန်ထမ်းရေးရာများနှင့် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးက တင်ပြချက်များကို ဖြည့်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(ဝ၄၅)**

## ကျန်းမာရေးအသိပညာပေးဟောပြော၊ ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်



**ပျော်ဘွယ် မေ ၁၆**

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပျော်ဘွယ်မြို့နယ် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ကျေးလက်နေပြည်သူများ ကျန်းမာရေးဗဟုသုတရရှိစေရန် ဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက ဝွေးဖိုးကျေးရွာအုပ်စု၊ မယ်ဇလီအိုင့်ကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

ရေးဦးစွာ ပျော်ဘွယ်မြို့နယ် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံအုပ် ဒေါ်သက်နှင်းဦးက ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ၊ ကျန်းမာရေးအတွက် အသက်အရွယ်အလိုက် ပြုလုပ်သင့်သည့် လေ့ကျင့်ခန်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်(၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံအုပ်နှင့် ဝန်ထမ်းများက ကျေးရွာအတွင်းရှိ ခါးနာ၊ ဒူးနာလူနာများအား စစ်ဆေးကုသခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါဝေဒနာရှင်များအား တိုင်းရင်းဆေးနည်းပညာဖြင့် ကုသပေးခြင်းနှင့် အကြံဉာဏ်များပေးခြင်း စသည့် လူနာများအား အခမဲ့ကုသပေးခဲ့ကြောင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ဝေဒနာရှင်များကိုလည်း မြို့နယ်တိုင်းရင်းဆေးရုံတွင် ကုသမှုများ ဆက်လက်လုပ်ဆောင် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂ဝဝ၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၈ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း( ၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကိုအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကိုဆိုသည်။

( င ) **ကျေးလက်လမ်း**ဆိုသည်မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သောကုန်ထုတ်လမ်းနှင့် တံတားများမှအပ ကျေးရွာချင်းသော်လည်းကောင်း၊ ကျေးရွာနှင့် မြို့သော်လည်းကောင်း၊ ကျေးရွာနှင့် လမ်းမကြီးသော် လည်းကောင်း ဆက်သွယ်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖောက်လုပ်ထားပြီး ဝန်ကြီးဌာနက ကျေးလက်လမ်းအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် လမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် လမ်း၏တစ်ဖက်တစ်ချက်စီရှိလမ်းနယ်နိမိတ်များနှင့် ယင်းလမ်းတွင်ရှိသော တံတားများလည်း ပါဝင်သည်။

( စ ) **ကျေးလက်လမ်းလုပ်ငန်း**ဆိုသည်မှာ ကျေးလက်လမ်းကို ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည်။

(ဆ) **ကျေးလက်လမ်းစီမံကိန်း**ဆိုသည်မှာကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နှစ်တို သို့မဟုတ် နှစ်ရှည်စီမံကိန်းကို ဆိုသည်။

( ဇ ) **လှည်း**ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်း တစ်မျိုးမျိုးကိုဆိုသည်။

( ဈ ) **လမ်းနယ်နိမိတ်**ဆိုသည်မှာ ကျေးလက်လမ်းအဆင့်အတန်းအလိုက် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးလက်လမ်း အကျယ်ကို ဆိုသည်။

**အခန်း( ၂ )**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လွယ်ကူစေပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရန်၊

( ဂ ) ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံမူများနှင့်အညီ ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် မဟာဗျူဟာချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ကျေးလက်လမ်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

( င ) ကျေးလက်လမ်းအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

( စ ) သဘာဝဘေးအန္တရာယ် ကျရောက်ချိန်များတွင် ဘေးအန္တရာယ်ကြောင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ဆောင်ရွက်ပေးရန်၊

(ဆ) ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**အခန်း( ၃ )**
**ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ခြင်း၊

( ခ ) ကျေးလက်လမ်းစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေးဆွဲချမှတ်ခြင်း၊

( ဂ ) ကျေးလက်လမ်းစီမံကိန်းများ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ခြင်း၊

(ဃ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကျေးလက်လမ်းသစ်များဖောက်လုပ်ခြင်း၊ ကျေးလက်လမ်းမြေနှင့် လမ်းနယ်နိမိတ်တိုးချဲ့ခြင်း၊ ဝန်ကြီးဌာနက စီမံခန့်ခွဲသော ကျေးလက်လမ်းများအဖြစ် သတ်မှတ်ကြေညာခြင်း၊

( င ) ကျေးလက်လမ်းများ၏ အဆင့်အတန်းနှင့် လမ်းနယ်နိမိတ် သတ်မှတ်ကြေညာခြင်း၊

( စ ) ကျေးလက်လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ကျေးလက်လမ်းများ ဆက်သွယ်မှု မပြတ်တောက်စေရေး လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဇ ) ကျေးလက်လမ်းလုပ်ငန်းအတွက် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သည့် မြေသိမ်းယူခြင်းနှင့် အဆောက်အဦဖယ်ရှားခြင်းများကို ဆောင်ရွက်ခြင်း၊

( ဈ ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သောကျေးလက်လမ်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း( ၄ )**
**ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဝန်ကြီးဌာနက ချမှတ်ထားသော ကျေးလက်လမ်းစီမံကိန်းများကို ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ခ ) ကျေးလက်လမ်းလုပ်ငန်းကို ဝန်ကြီးဌာန၏ခွင့်ပြုချက်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

( ဂ ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဖြစ်စေ၊ ပုဂ္ဂလိကများ၏အကူအညီနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြစ်စေ ကျေးလက်လမ်းလုပ်ငန်းကို ဆောင်ရွက်ခြင်း၊

(ဃ) ကျေးလက်လမ်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်း၊

( င ) ကျေးလက်လမ်းနယ်နိမိတ်ကို စီမံခန့်ခွဲခြင်း၊

( စ ) ကျေးလက်လမ်းများ ရေရှည်တည်တံ့စေရန် စံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ ကောင်းမွန်သော ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် စောင့်ကြည့်အကဲဖြတ်စစ်ဆေးခြင်း၊

( ဆ ) ကျေးလက်လမ်းများ၏ အရေးပါမှု၊ လမ်းဆက်သွယ်မှုနှင့် လမ်းကွန်ရက်အပေါ်မူတည်၍ လမ်းအဆင့်အတန်း သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဇ ) ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ရန် ယာယီလမ်းပိတ်ထားခြင်းအတွက် လမ်းလွှဲဖောက်လုပ်ပေးခြင်း၊

(ဈ) ကျေးလက်လမ်းများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်၊ ဘီးအမျိုးအစား နှင့် ဝန်တင်အလေးချိန်တို့ကို ထုတ်ပြန်သတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) ကျေးလက်လမ်းများပေါ်တွင် လှည်း သို့မဟုတ် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရပ်နားခြင်းဆိုင်ရာ စည်းကမ်းချက်များ ထုတ်ပြန်သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

( ဋ ) ကျေးလက်လမ်းများ ပျက်စီးခြင်းမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်သတ်မှတ်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

( ဌ ) ကျေးလက်လမ်းနယ်နိမိတ်အတွင်းဖြစ်စေ၊ ကျေးလက်လမ်းကိုဖြတ်သန်း၍ဖြစ်စေ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းများကို စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် တားမြစ်ပိတ်ပင်ခြင်း၊

( ဍ ) ကျေးလက်လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသနေ ပြည်သူများကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ၎င်းတို့၏ အကြံဉာဏ်များရယူခြင်း၊

( ဎ ) ကျေးလက်ဒေသနေပြည်သူများက တင်ပြလာသော ကျေးလက်လမ်းလုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ်ကြောင့် ကျေးလက်လမ်းများ ဆက်သွယ်မှု မပြတ်တောက်စေရေး စီမံဆောင်ရွက်ခြင်း၊

(တ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော ကျေးလက်လမ်းဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

၆။ ဦးစီးဌာနသည် ကျေးလက်လမ်းလုပ်ငန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည် -

(က) မိမိကိုယ်တိုင်ဆောင်ရွက်ခြင်း၊

( ခ ) သတ်မှတ်ချက်များနှင့်အညီ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

( ဂ ) သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။

**အခန်း( ၅ )**
**ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ**

၇။ ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးလက်လမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

( ခ ) ကျေးလက်လမ်းလုပ်ငန်းများနှင့်ဆိုင်သော နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

( ဂ ) ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသနေပြည်သူများအကြား စည်းလုံးမှုကို ပျက်ပြားစေမည့်ကိစ္စများ ပေါ်ပေါက်လာပါက ဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဖြေရှင်းဆောင်ရွက်ရန်။

၈။ ကျေးလက်ဒေသနေပြည်သူများ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးလက်လမ်းစီမံကိန်းများရေးဆွဲရာတွင် ဆွေးနွေးအကြံပြုခြင်း၊

( ခ ) ကျေးလက်လမ်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြခြင်း၊

( ဂ ) ကျေးလက်လမ်းလုပ်ငန်းများကို ကြည့်ရှုလေ့လာခြင်း၊ သတင်းအချက်အလက်များ တောင်းခံရယူခြင်းနှင့် လွတ်လပ်စွာ ဆွေးနွေးအကြံပြုခြင်း၊

စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ

(ဃ) ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာခြင်း။

အခန်း(၆)

ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ခြင်း

၉။ ဦးစီးဌာနသည် ကျေးလက်လမ်းသစ်များ ဖောက်လုပ်ခြင်း သို့မဟုတ် ကျေးလက်လမ်းမြေနယ်နိမိတ် တိုးချဲ့ခြင်းလုပ်ငန်းများအတွက် အမှန်တကယ်လိုအပ်သောမြေနေရာကို ရရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၀။ ဦးစီးဌာနသည် ဖောက်လုပ်ပြီးကျေးလက်လမ်းများ ရေရှည်တည်တံ့စေရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဖောက်လုပ်ဆဲ ကျေးလက်လမ်းများ အရည်အသွေးပြည့်မီစေရေးအတွက် စစ်ဆေးခြင်းလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မဟာဗျူဟာရေးဆွဲချမှတ် ဆောင်ရွက်နိုင်သည်။

၁၁။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းသစ်များဖောက်လုပ်ခြင်း သို့မဟုတ် ကျေးလက်လမ်းမြေ တိုးချဲ့ခြင်းလုပ်ငန်းများအတွက် အနည်းဆုံးလိုအပ်သည့် မြေပမာဏကိုရရှိနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) မြေပိုင်ဆိုင်သူ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူက ကျေးလက်လမ်းအတွက် လှူဒါန်းသည့် မြေနေရာကိုလက်ခံရယူခြင်း၊

(ခ) မြေသိမ်းယူခြင်းနှင့် အဆောက်အဦ ဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

အခန်း ( ၇ )

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၂။ မည်သူမဆို ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်းပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည် -

(က) ကျေးလက်လမ်းကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) ကျေးလက်လမ်းပျက်စီးစေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း။

၁၃။ မည်သူမဆို -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း အဆောက်အဦ ဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည့်အပြင် ယင်းအဆောက်အဦအားလည်း ဆောက်လုပ်သူ၏ စရိတ်ဖြင့် ချက်ချင်းဖယ်ရှားစေရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့် အပြင် အနည်းဆုံးကျပ် တစ်သိန်းမှအများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၁၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်း ပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည် -

(က) ကျေးလက်လမ်းလုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) ကျေးလက်လမ်းပေါ်တွင် ဦးစီးဌာနက သတ်မှတ်ထားသော မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်၊ ဘီးအမျိုးအစား သို့မဟုတ် ဝန်တင်အလေးချိန်ပါ ယာဉ်ကို မောင်းနှင်ခြင်း၊

(ဂ) လမ်းနယ်နိမိတ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်ကိုခုတ်လှဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) လမ်းနယ်နိမိတ်အတွင်း လမ်း၊ တံတားနှင့် မြေပြင်အနေအထားကို ပြောင်းလဲစေရန် သို့မဟုတ် ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(င) လမ်းနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း။

၁၅။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်း ပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည် -

(က) ကျေးလက်လမ်းများပျက်စီးခြင်းမှ ကာကွယ်ရန် သတ်မှတ်ထုတ်ပြန်ထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) ကျေးလက်လမ်းများပေါ်တွင် လှည်း သို့မဟုတ် တိရစ္ဆာန်များဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရပ်နားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) ကျေးလက်လမ်းပေါ်တွင်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းကို တမင်ထားရှိခြင်း။

၁၆။ မည်သူမဆို တရားရုံးကချမှတ်သော လျော်ကြေးငွေကို ဦးစီးဌာနသို့ ပေးဆောင်ရန် သို့မဟုတ် ကျေးလက်လမ်းကို မူလအနေအထားအတိုင်း ပြန်လည်ပြုပြင်ပေးရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

အခန်း( ၈ )

အထွေထွေ

၁၇။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသည် မိမိဌာနအဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ ကျေးလက်လမ်းကိုဖြတ်သန်း၍ လုပ်ငန်းဆောင်ရွက်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ရယူရမည်။

၁၈။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းများ၏ နယ်နိမိတ်ကို သတ်မှတ်ရာတွင် ကျေးရွာအတွင်းရှိ လူနေအိမ်အဆောက်အဦများ၏ တည်ရှိမှု၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှု၊ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၊ အခြားတည်ဆဲမြို့ပြနှင့် ကျေးလက်ဒေသဆိုင်ရာ ဥပဒေများ၏အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၁၉။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းနှင့် တံတားအသုံးပြုခကောက်ခံခြင်းကို လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မဟာယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ယူပြီး အုပ်စုဗိုလ်ဖြင့် MNL League Cup ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း



ရန်ကုန်ယူနိုက်တက်အသင်း၏ MNL League Cup ၂၀၂၅ အုပ်စု (ခ) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မဟာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၆ ဂိုး၊ ၂ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပွဲစပြီး ရန်ကုန်ယူနိုက်တက်အသင်းမှ ၂ မိနစ်တွင် အိုတိုဆိုင်တို့၏ အဝေးကန်ချက် တိုင်ထိထွက်ခဲ့ပြီး အီစိုးကထွက်လာသည့် ဘောလုံးကိုကန်သွင်းရန်ကြိုးစားသော်လည်း ဂိုးသမားဖမ်းမိခဲ့သည်။

ပွဲချိန် ၁၉ မိနစ်တွင် ဇော်ဝင်းသိန်း ထောင့်ကန်ဘောကန်တင်ပေးသည့်ဘောလုံးကို မိုဂူးကအပိုင် ခေါင်းတိုက်သွင်းယူနိုင်ခဲ့ပြီး ရန်ကုန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ၂၃ မိနစ်အကြာတွင် ရန်ကုန်အသင်း ဦးဆောင်ဂိုး ထပ်မံရရှိခဲ့ပြီး သာယာဝင်းထက်က သွင်းယူပေးခဲ့သည်။ မိနစ် ၃၀ တွင် အိုတိုဆိုင်တိုက မိုဂူး၏ဘယ်ခြမ်းမှ အနီးကပ်ပေးပို့မှုမှတစ်ဆင့် တတိယမြောက်ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ကျော်ကိုကိုက ပွဲချိန် ၄၀ မိနစ်တွင် သွင်းယူပေးခဲ့သော်လည်း ၁ မိနစ်အကြာတွင် အီစိုးက ရန်ကုန်အသင်းအတွက် စတုတ္ထဂိုးကို သွင်းယူခဲ့သည်။ မဟာအသင်းအတွက် ဒုတိယချေပဂိုးကို နာကျင်အချိန်ပိုတွင် ကောင်းမြတ်သူက ဒုတိယချေပဂိုးကို သွင်းယူပေးခဲ့ပြီး ပထမပိုင်းတွင် ၄ ဂိုး၊ ၂ ဂိုးနှင့် ရန်ကုန်အသင်းက ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းပွဲကစားချိန်များတွင်လည်း ရန်ကုန်အသင်းမှ နောက်ထပ်ဦးဆောင်ဂိုးများရရှိရေး ဆက်တိုက်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် အီစိုးမှ ဂိုးသမားနှင့် တစ်ဦးချင်းအခြေအနေတွင် ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး ရန်ကုန်အသင်းအတွက် ပဉ္စမဦးဆောင်ဂိုးဖြစ်စေခဲ့သည်။ ထို့နောက် ရန်ကုန်အသင်းအတွက် ဆဋ္ဌမဦးဆောင်ဂိုးကိုတော့ ဒုတိယပိုင်းနာကျင်အချိန်ပိုတွင် လူစားဝင် တိုက်စစ်ကစားသမား ကောင်းစည်သူက သွင်းယူပေးခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးပြတ်နိုင်ပွဲဖြစ်စေခဲ့ပါသည်။

ရန်ကုန်ယူနိုက်တက်အသင်း (၁၀)ဖြစ် အုပ်စုဗိုလ်နေရာတွင်သည် လက်ရှိ MNL League Cup ၂၀၂၅ အုပ်စု(ခ)တွင် ၄ ပွဲကစား ၃ ပွဲနိုင်၊ ၁ ပွဲ သရေရရှိမှုဖြင့် ရပ်တည်ခဲ့ပြီး ကွာတားဖိုင်နယ် အဆင့်ကို တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ **(NGB)**

# ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေ စီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံး ရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် -

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက သီးခြားအာမခံတင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ချေးငွေပမာဏ**

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ

(၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ

(၃) ကျပ်သိန်း ၅၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ - ချေးငွေသက်တမ်း(၁)နှစ်

(၂) မတည်ရင်းနှီးငွေ - ချေးငွေသက်တမ်း(၃)နှစ် ၃ ရစ်ဆပ်

(ဂ) **ချေးငွေအတိုးနှုန်း** - ၁ နှစ်လျှင် (၅ %)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များအသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊

(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www.mopf.gov.mm၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal.gov.mm/ ၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com၊ MEB website www.meb.gov.mm၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ
စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဇေယျာသီရိနှင့် ပုဗ္ဗသီရိမြို့နယ်များအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကြည့်ရှုအားပေး

နေပြည်တော် မေ ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေး၍လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ်ရုံး ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှု၊ ငလျင်ဒဏ်ကြောင့် ရုံးခန်းအတွင်း ထိခိုက်ပျက်စီးမှုအား ပြန်လည်ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ခံရသည့် မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ပျောက်ဆုံးသွားသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မေးမြန်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ဆောင်ရွက်ထုတ်ပေးနေမှု၊ မြို့နယ်ရုံး ရုံးခန်းအတွင်း ရုံးစာရွက်စာတမ်းများနှင့်မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ ထိန်းသိမ်းထားရှိမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ရုံးခန်းများ ပြန်လည်ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ ဝန်ထမ်းများက မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားကာ ငလျင်ဒဏ်ခံရသည့် မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး

စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“အသိပေးကြေညာချက်”

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

“၂၀၂၅-၂၀၂၆ ပညာသင်နှစ်”

မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေးကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ် ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၆

နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေး ငလျင်ကြီးကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင်နေပြည်တော်ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နေပြည်တော် ကောင်စီနှင့် စည်ပင်သာယာရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည့် **“ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း၊ တံတားများ အတွက် အမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာရမည့် လုပ်ထုံး လုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure – SOP)”** များကို ဖြန့်ဝေပေးထားပြီးဖြစ်၍ ပြန်လည်ပြုပြင်ရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည်ဖြစ် ကြောင်း၊ ထို့ပြင် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအစား အသစ်တည်ဆောက်နိုင် ရန် Town Plan ရေးဆွဲရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်း တက်ရောက်လာသည့် ဌာန ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်း အကြံပြုဆွေးနွေး တင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan အတွက် မြေနေရာရွေးချယ်ထားရှိမှု၊ မြေစမ်းသပ်ထားရှိမှု၊ ဝန်ကြီးဌာန၏ မူဝါဒများနှင့် အညီ ဆောင်ရွက်မည့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် လိုအပ်သည်များ ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆက်လက်ဆောင် ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက မြို့ပြမြေအသုံးချမှုရာခိုင်နှုန်း စံသတ်မှတ်ချက်များ၊ Town Plan ရေးဆွဲရာတွင် လိုက်နာရမည့် အခြေခံ အချက်အလက်များကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန် ဦးမောင်မောင်က အိမ်ရာစီမံကိန်း အသစ် တည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှုကို လည်းကောင်း၊ အစည်းအဝေး တက်ရောက်လာသူ များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထား ရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးမှ ရရှိလာ သည့် ဆွေးနွေးချက်များကို အခြေခံပြီး Town Plan အတွက် မြေနေရာရွေးချယ်ခြင်းနှင့် Soil Test ဆောင်ရွက်ခြင်းတို့ကို အမြန်ဆုံး အကောင်အထည် ဖော်ဆောင်ရွက်ရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ Town Plan အတွက် မြေနေရာရွေးချယ်ထားရှိမှု အခြေအနေကို မြေပြင် တွင် အသေးစိတ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး Town Plan ရေးဆွဲရာတွင် မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန်၊ မြေစမ်းသပ်မှုများ စနစ်တကျသေချာ တိုင်းတာတွက်ချက်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်၌ Modular House များနေရာချ ထားတပ်ဆင်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြေနေရာရှင်းလင်းထားရှိမှု၊ Modular House များ သတ်မှတ်လျာထားချက်နှင့် အညီ နေရာချထားတပ်ဆင်နေမှုတို့ကို ရှင်းလင်း တင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု များ ယာယီနေထိုင်နိုင်ရန် အလျား ပေ ၂၀၊ အနံ ၁၀ ပေရှိ Modular House များကို Phase 1 တွင် လျာထား ၆၄ လုံးနှင့် Phase 2 တွင် လျာထား ၁၂၄ လုံး စုစုပေါင်း ၁၈၈ လုံး တပ်ဆင်တည်ဆောက်သွား မည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ ရွှေတိဂုံစေတီတော်နှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်လေ့လာ



နေပြည်တော် မေ ၁၆

ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ သင်တန်းသား သင်တန်းသူများအား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခြင်းနှင့် ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ သာသနိကအဆောက်အအုံများ ကြည့်ရှုလေ့လာခြင်း၊ ဓာတ်ပုံပြခန်း ကြည့်ရှုလေ့လာခြင်း၊ မြန်မာဗိသုကာအနုလက်ရာများ ကြည့်ရှုလေ့လာခြင်းနှင့် ဗုဒ္ဓဝင်ပြတိုက် လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကြသည်။



ဆက်လက်ပြီး ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများသည် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး သင်တန်းသား သင်တန်းသူများက မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာမြို့ပြ ယဉ်ကျေးမှုပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့သုခုမ အနုပညာပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာ ရတနာပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံပြခန်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေသော အခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူ ၉၀၁ ဦးတို့သည် နေပြည်တော်ကောင်စီနယ်မြေတွင် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမဟာပဏ္ဍိတ၊ ဓမ္မပတိသာသနာ့ဗိမာန်တော်ကြီးနှင့် အခြားသာသနိကအဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၏ ပုံစံငယ်များ၊ အထင်ကရနေရာများ၊ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအထိမ်းအမှတ်ပြယုဂ်များကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

## ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ (ဗီနိုင်း) စိုက်ထူပွဲအခမ်းအနား ကျင်းပ

**ပြင်ဦးလွင် မေ ၁၆**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၇ နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ မန္တလေး-လားရှိုးလမ်းဘေးရှိ လွတ်လပ်ရေး ကျောက်တိုင်ကွင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်းကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာအား စိုက်ထူပေးကြသည်။ ထို့နောက် ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။



ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ခရိုင်(ပြန်/ဆက်)

---

## မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ချမ်းအေးသာစံမြို့နယ်တွင် ငလျင်ဘေးကြောင့် နေအိမ်ပျက်စီးအိမ်ထောင်စုများအား ထောက်ပံ့

**မန္တလေး မေ ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်တွင် ငလျင်ဘေးကြောင့် (အလုံးစုံပျက်စီး)အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀၊ မီးသားစုသုံးပစ္စည်းတစ်စုံ၊ အိမ်ဆောက် အထောက်အကူပြုပစ္စည်းတစ်စုံ၊ မီးဖိုချောင်သုံးပစ္စည်းတစ်စုံ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းတစ်စုံ၊ စောင် တစ်ထည်၊ ခြင်ထောင်တစ်လုံးနှင့် တာပေါ်လင်နှစ်ချပ်တို့ကို မေ ၁၄ ရက်က ပေးအပ်ခဲ့သည်။

အလားတူ ငလျင်ဘေးကြောင့် နေအိမ် တစ်စိတ်တစ်ပိုင်းပျက်စီးသော အိမ်ထောင်စု ၁၈၇ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀၊ စောင် တစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ဆန်ခြောက်ပြည်တစ်အိတ်၊ ဆီ ၅၀ ကျပ်သား သုံးဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ ပြည်တွင်း၊ ပြည်ပအနယ်နယ်အရပ်ရပ်မှ လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများကို ငလျင်ဘေးဒဏ် ခံစားနေရသောရပ်ကွက်နှင့် ကျေးရွာများရှိ ပြည်သူလူထုထံ လက်ရောက်ပေးအပ်လျက်ရှိကြောင်း သိရသည်။

(ဝ၄၅)



---

## ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံနှင့် အပြာအစိမ်းဝတ်စုံများ ထုတ်ပေး

**ကျောက်ဆည် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိနိုင်ရန် ကျောင်းသုံးဗလာစာအုပ်များ၊ ဘောလ်ပင်၊ ခဲတံ၊ အဖြူအစိမ်းဝတ်စုံများကို အခမဲ့ ထောက်ပံ့ပေးနိုင်ရေးအတွက် မေ ၁၄ ရက် နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးတွင် ထုတ်ပေးခဲ့သည်။

ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာကျောင်း ၁၈၆ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၈ ကျောင်းရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဘောလ်ပင်၊ ခဲတံ၊ အဖြူအစိမ်းဝတ်စုံများ ထုတ်ပေးရာတွင် ကျောက်ဆည်မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက သက်ဆိုင်ရာ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမကြီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် KG တန်းမှ Grade-5 တန်းအထိ ပညာသင်ယူသွားမည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်နှင့်အညီ တစ်ဦးလျှင် ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်နှင့် အဖြူအစိမ်းဝတ်စုံများကို အခမဲ့ ထုတ်ပေးသွားမည်ဖြစ်ပြီး Grade-6 တန်းမှ Grade-12 တန်းအထိ ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်တို့ကို စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

အောင်ပိုင်ပိုင်ကျော်

ဝ-ဝ-ဝ-ဝ

# လွန်ခဲ့သည့် ၁၂ နာရီအတွင်း ဂါဇာမြောက်ပိုင်း၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၉ ဦးထက်မနည်းသေဆုံး

ဂါဇာ မေ ၁၆

ဂါဇာကမ်းမြောင်ဒေသ၌ လွန်ခဲ့သည့် ၁၂ နာရီအတွင်း အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူ စုစုပေါင်း ၁၀၀ ကျော်ရှိကြောင်း ဂါဇာ အရပ်ဘက်ကာကွယ်ရေးက မေ ၁၆ ရက်တွင် ပြောကြားသည်။

မေ ၁၆ ရက်တွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၉ ဦးထက်မနည်း သေဆုံးပြီး ၂၁၆ ဦး ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဂါဇာ ကျန်းမာရေးအာဏာပိုင်များက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း ပါလက်စတိုင်းဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားသည်။

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဂျာဘာလီယာနှင့် ဘက်လာဟီယာရှိ လူနေအိမ်များနှင့် အမိုးအကာများကို ပစ်မှတ်ထားကာ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကို မေ ၁၆ ရက် နံနက် အစောပိုင်းမှစကာ အဆက်မပြတ် ပြုလုပ်ခဲ့ကြောင်း၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ မရောက်ရှိသေးသည့် နေရာအပျက်အစီးများ အောက်တွင် ပိတ်မိနေသူများလည်း ရှိနေသေးကြောင်း မျက်မြင်သက်သေများနှင့် လုံခြုံရေး သတင်းရင်းမြစ်များက ပြောကြားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း သေဆုံးသူ စုစုပေါင်း ၅၃၁၁၉ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၁၂၀၂၁၄ ဦးရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက မေ ၁၆ ရက်တွင် ပြောကြားသည်။ ဆင်ဟွာ



## ယူရေနီယံသန့်စင်ရေးစက်ရုံများကို အီရန် ဖျက်သိမ်းသွားမည်မဟုတ်ဟု ဆို

တီဟီရန် မေ ၁၆

တိုင်းပြည်အတွင်းရှိ ယူရေနီယံသန့်စင်ရေးစက်ရုံများကို ပိတ်သိမ်းသွားမည်မဟုတ်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်အဘတ်စ် အာဂရက်ချီက မေ ၁၅ ရက်တွင် အလေးအနက်ထား ပြောကြားခဲ့ကြောင်း ဖားစ် နယူးစ်အေဂျင်စီတွင် ဖော်ပြထားသည်။ အီရန်နိုင်ငံ မြို့တော် တီဟီရန်၌ ပြုလုပ်သည့် (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်တွင် ၎င်းက ပြောကြားသည်။

အိုမန်နိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် အမေရိကန်နှင့်ပြုလုပ်နေသည့် နျူကလီးယားဆွေးနွေးပွဲတွင် အီရန်၏ ရပ်တည်ချက်များကို ၎င်းက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ နျူကလီးယားကိစ္စနှင့် ပတ်သက်ပြီး ယုံကြည်မှုတည်ဆောက်ပြီး ပွင့်လင်းမြင်သာမှုကို ပေးစွမ်းမည်ဖြစ်သော်လည်း ယူရေနီယံသန့်စင်မှုကို စွန့်လွှတ်မည် မဟုတ်ဟု ၎င်းက ပြောသည်။

ယူရေနီယံသန့်စင်မှုစက်ရုံများကို ဖျက်သိမ်းမည်မဟုတ်ဟု ၎င်းကဆက်ပြောသည်။ အီရန်သည် ၎င်း၏ နျူကလီးယားအခွင့်အရေးကို လက်ကိုင်ထားပြီး အမေရိကန်နှင့် ဆွေးနွေးပွဲမှတစ်ဆင့် ပိတ်ဆို့အရေးယူမှုများကို သက်သာရာရစေရန် ကြိုးပမ်းခဲ့ကြောင်း၊ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားပေးရန်အတွက် အခြားသောဘက်မှ ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်မှု တည်ဆောက်ရန် အသင့်ရှိကြောင်း ၎င်းက ပြောသည်။ ဆင်ဟွာ

## အကွာရာကုမ္ပဏီလက်အောက်ခံ ဂူဂဲလ်ဝမ်းဝန်ဆောင်မှု စတင်ပြီးနောက် စာရင်းသွင်းသူပေါင်း သန်း ၁၅၀ ကျော်ရှိလာ

ဝါရှင်တန် မေ ၁၆

အကွာရာကုမ္ပဏီ လက်အောက်ခံ ဂူဂဲလ်ဝမ်းလုပ်ငန်းစု၏ စာရင်းသွင်းဝန်ဆောင်မှုက အသုံးပြုသူများအား ကလောက်သိမ်းဆည်းမှုနှင့် ဉာဏ်ရည်တု ဝန်ဆောင်မှုများအတွက် ငွေပေးချေစေခဲ့ရာမှ ယခုအခါ စာရင်းသွင်းသူ သန်း ၁၅၀ ကျော်ရှိလာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဂူဂဲလ်ဝမ်းဝန်ဆောင်မှု စတင်ပြီးနောက် တစ်နှစ်နီးပါး အတွင်း စာရင်းသွင်းသူ သန်း ၁၀၀ ကျော်ရှိခဲ့ရာမှ ၅၀ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။

ဂူဂဲလ်က အခမဲ့သုံးစွဲသူများအတွက် မရနိုင်သော ဉာဏ်ရည်တုစွမ်းရည်များပါဝင်သည့် တစ်လလျှင် ၁၉ ဒသမ ၉၉ ဒေါ်လာဖြင့် အစီအစဉ်တစ်ခုကို မိတ်ဆက်ခဲ့သည်။

ကုမ္ပဏီသည် ဖိုင်သိမ်းဆည်းမှုအတွက် စျေးနှုန်းချိုသာစွာဖြင့် ရောင်းချနေဆဲဖြစ်ပြီး ဉာဏ်ရည်တု ဝန်ဆောင်မှုအတွက် စာရင်းသွင်းသူ 'သန်းချီ' ရှိကြောင်း သိရသည်။ Mon




# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ရွှေနှင့် ငွေ တန်ချိန် သန်း ၈၀ ကျော်နှင့် ကြေးနီသတ္တု အမြောက်အမြား အစိုးရသတ္တုတူးဖော်ရေးလုပ်ငန်းက တူးဖော်တွေ့ရှိ

ဇွဲနိုဆိုင်းရက်စ် မေ ၁၆

အာဂျင်တီးနားနိုင်ငံရှိ အစိုးရသတ္တုတူးဖော်ရေးလုပ်ငန်းက ရွှေ၊ ငွေနှင့်ကြေး သတ္တုသိုက် တစ်ခုကို မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ရာ လေ့လာသူများကို အံ့အားသင့်စေခဲ့ကြောင်း စီအင်န် အင်န်သတင်းဌာနက ဖော်ပြသည်။

အန်ဒီးစ် တောင်တန်းများ၏ အရှေ့ဘက်တွင် တည်ရှိသည့် အဆိုပါ သတ္တုသိုက်ရှာဖွေတွေ့ရှိမှုသည် နိုင်ငံ၏ စီးပွားရေး အပြောင်းအလဲဖြစ်စေနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလားအလာကောင်းစေမည်ဟု မျှော်လင့်ရသည်။

အဆိုပါသတ္တုသိုက်တွင် ရွှေနှင့်ငွေ တန်ချိန် သန်း ၈၀ ကျော်နှင့် ကြေးနီ တန်ချိန် ၁၂ သန်း ကျော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအတွက် ထိုသို့သော သတ္တုသိုက်များ ရှာဖွေတွေ့ရှိမှုများ ရတ်တရက်တိုးပွားလာမှုကြောင့် အလုပ်အကိုင်ဖန်တီးမှု၊ ကုန်သွယ်ရေးကိန်းဂဏန်းများနှင့် အခြေခံအဆောက်အအုံတိုးတက်မှုတို့အပေါ် အကျိုးသက်ရောက်မှုရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ Mon



## ကာတာနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀တန်ဖိုးရှိ လေယာဉ်တစ်စီးကို သမ္မတ ဒေါ်နယ်လ် ထရမ့်အစိုးရမှ လက်ခံရရှိ

ဝါရှင်တန် မေ ၁၆

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်အစိုးရသည် ကာတာနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ တန်ဖိုးရှိ လေယာဉ်တစ်စီးကို လက်ခံရရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထရမ့်သမ္မတ ရာထူးတွင် ရှိစဉ် ထိုလေယာဉ်ကို အဲဖို့စ်ဝမ်း လေယာဉ်အသစ်အဖြစ် အသုံးပြုမည်ဖြစ်ပြီး သက်တမ်းပြီးဆုံးပါက သမ္မတထရမ့်၏ သမ္မတစာကြည့်တိုက်သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်က အတည်ပြုသည်။

ထိုလေယာဉ်သည် အမေရိကန်သမ္မတတစ်ဦးအတွက် နိုင်ငံခြားအစိုးရက ယခုအချိန်အထိ ပေးအပ်ခဲ့သည့် အကြီးမားဆုံး လက်ဆောင်ဖြစ်လာမည်ဆိုသော်လည်း လွှတ်တော်အချို့အမတ်များက ယင်းလက်ဆောင်ကို လက်ခံခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီဟု ထောက်ပြသည်။

ယင်းလေယာဉ်သည် မိမိအတွက်ပေးသောလက်ဆောင် မဟုတ်ဘဲ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအတွက် ပေးသော လက်ဆောင်သာဖြစ်သည်ဟု သမ္မတဒေါ်နယ်လ်ထရမ့်က ထုတ်ဖော်ပြောကြားသည်။

အမေရိကန် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် 'အမေရိကန်ကွန်ဂရက်လွှတ်တော်၏ သဘောတူညီချက်မရှိဘဲ မည်သည့်ဘုရင်၊ မင်းသား သို့မဟုတ် နိုင်ငံခြားအစိုးရထံမှ လက်ဆောင်၊ အကျိုးအမြတ်၊ ရာထူး သို့မဟုတ် ဘွဲ့တံဆိပ်ကိုမျှ မည်သူမျှ လက်မခံရ' ဟု ပြဋ္ဌာန်းထားကြောင်း သိရသည်။ Mon

STOP AIDS

## အိန္ဒိယလေကြောင်း၊ ဗီစတာရာတို့နှင့် ပေါင်းစည်းမှုကြောင့် စင်ကာပူလေကြောင်းလိုင်း နှစ်စဉ်အသားတင်အမြတ်ငွေ စံချိန်တင်ရရှိနေ

စင်ကာပူ မေ ၁၆

စင်ကာပူ လေကြောင်းလိုင်းသည် အလားအလာရှိသော ဝင်ငွေတစ်ရပ်ဖြစ်စေသည့် အိန္ဒိယလေကြောင်း၊ ဗီစတာရာတို့နှင့် ပေါင်းစည်းမှုကြောင့် နှစ်စဉ်အသားတင်အမြတ်ငွေ စံချိန်တင်ရရှိနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စင်ကာပူ၏ အမျိုးသားလေကြောင်းလိုင်းက မတ် ၃၁ ရက် နှစ်ကုန်ချိန်တွင် အသားတင်အမြတ်ငွေ စင်ကာပူဒေါ်လာ ၂ ဒသမ ၇၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၄ ဘီလီယံ)ရရှိခဲ့ပြီး ယခင်နှစ်က စင်ကာပူဒေါ်လာ၂ ဒသမ ၆၈ ဘီလီယံရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ယင်းလေကြောင်းလိုင်းအုပ်စုသည် ယခုနှစ် နိုဝင်ဘာလတွင် မိမိတို့က ၄၉ ရာခိုင်နှုန်း ပိုင်ဆိုင်သော ဗီစတာရာ လေကြောင်းလိုင်းကို Air India နှင့် ပေါင်းစည်းပြီးနောက် စင်ကာပူဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်တစ်ကြိမ်တည်း သောအမြတ်ငွေရရှိခဲ့သည်။




လေကြောင်းလိုင်းများ ကမ္ဘာတစ်ဝှမ်းတွင် စွမ်းဆောင်ရည်များ တိုးမြင့်လာခြင်းကြောင့် ပြိုင်ဆိုင်မှု များပြားလာရာ လေယာဉ်လက်မှတ်စျေးနှုန်းများ ၅ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားခြင်း အပါအဝင် လုပ်ငန်းလည်ပတ်ငွေမှာ ယခုနှစ်တွင်မှု ၃၇ ရာခိုင်နှုန်းကျဆင်းကာ စင်ကာပူဒေါ်လာ ၁ ဒသမ ၇၁ ဘီလီယံသို့ရောက်ရှိခဲ့ကြောင်း သိရသည်။ Mon

## အများပြည်သူသုံးစွဲရန်မသင့်သည့် ပစ္စည်းများအား ဖျက်ဆီး

**နေပြည်တော် မေ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်ပစ္စည်းများ ဝင်၊ ထွက်မှုမရှိစေရေးအတွက် တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့မှလည်းကောင်း၊ မန္တလေးမြို့အကောက်ခွန်ဦးစီးဌာန အကောက်ခွန်အထူးကင်းအဖွဲ့မှလည်းကောင်း တားဆီးဖမ်းဆီးခဲ့သော ကုန်ပစ္စည်းများအနက် အများပြည်သူသုံးစွဲရန် မသင့်သော နိုင်ငံခြားဖြစ် စီးကရက်များဖြစ်သည့် ESSE တံဆိပ်စီးကရက် ၁၃၉၀ ပါကင်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၈ သန်း၊ Mond Silver Premium တံဆိပ်စီး ကရက်ပါကင် ၄၀၀၊ ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၃၆၀၊ Napoli တံဆိပ် စီးကရက်ပါကင် ၅၀၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ သန်း၊ Mond တံဆိပ် စီးကရက် ၄ ပါကင်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈ သန်း၊ Oris တံဆိပ် စီးကရက် ၆ ပါကင်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂ သန်း၊ Honghe တံဆိပ် စီးကရက် ၄ ပါကင်၊ ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂ ဒသမ ၈ သန်း၊ Double Happnies တံဆိပ် စီးကရက် ၁ ပါကင်၊ ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇ သန်း၊ Pason တံဆိပ်စီးကရက် ၁၅ ပါကင်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၇၅ သန်းအားလည်းကောင်း၊ Pod နှင့် Vape အရေအတွက် ၈၇၇၅ ခု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂ ဒသမ ၅၇ သန်းအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး ၂၀ မျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉ ဒသမ ၁၅၅၈ သန်းအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ထားခြင်းမရှိသော Bio Aid (Nutrition Product) ၁၉၂ ခု၊ ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၃၁၂ သန်းအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ထားခြင်းမရှိသော အလှကုန် ၁၁ မျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅ ဒသမ ၀၃၄ သန်းအားလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၉ ဒသမ ၉၄၁ သန်းအား မေ ၁၅ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ အကောက်ခွန်ဦးစီးဌာနရုံးဝင်းအတွင်း၌ လမ်းကြိတ်စက်များဖြင့် ကြိတ်ချေခြင်း၊ မီးရှို့ခြင်းပြုလုပ်၍ ဖျက်ဆီးခဲ့ကြောင်းသိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)




## ခတင်(၅၀၀)ဆံ့ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ငလျင်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်



**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၆၂လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိ ခတင်(၅၀၀)ဆံ့ အရိုးရောဂါ အထူးကုဆေးရုံကြီးတွင် မေ ၁၅ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ငလျင်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်လာပါက ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ၊ အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို သရုပ်ပြလေ့ကျင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများကို ဆေးရုံအုပ်ကြီးဒေါက်တာဇော်ဝင်းထွန်း ဦးဆောင်၍ ဆရာ၊ ဆရာမ ၂၀၀ ဦး၊ ကျောက်ဗလီလူမှုကူညီရေးအသင်း၊ အားမာန်လူမှုကူညီရေးအသင်း၊ နာရသုခလူမှုကူညီရေးအသင်းမှ အသင်းဝင် ၁၀၀ ဦး၊ စုစုပေါင်းအင်အား ၃၀၀ ဦး၊ လူနာတင်ယာဉ်သုံးစီးတို့ဖြင့် သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေ့

သင့်အသက်အန္တရာယ်

ကာကွယ်ရန်အတွက်

ဆိုင်ကယ်စီးလျှင်

ဦးထုပ်ဆောင်းပြီး

မေးသိုင်းကြိုး

သေချာစွာ တပ်ပါ ။



# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့ သုံးမိုင်လမ်းဆုံအနီး၌ လိုင်စင်မဲ့ယာဉ်သုံးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဗိုလ်ချစ်သူလမ်းနှင့် ပင်လောင်း(၇)လမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို သံလွင်တံတား (တရုတ်လှဘက်ခြမ်း) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းအမျိုး ၂၀၊ လူသုံးကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး၊ Higer Bus တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး

**ပွင့်ဖြူ မေ ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်အတွင်း ရာသီဥတုဂေဟစနစ်များ ကောင်းမွန်စေရန်နှင့် ဒေသခံ ပြည်သူများအတွက် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် ရည်ရွယ်၍ သူဌေးကုန်းကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာမွှာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က မီးခိုးမြူငွေ့အန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိလွင်က မီးခိုးမြူငွေ့အန္တရာယ်နှင့် ပတ်သက်၍ ကြုံတွေ့ရမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးကြူလှိုင်က သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးဟောပြောပြီး ကျေးရွာနေပြည်သူများကို မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအုပ်စု၊ သူဌေးကုန်းကျေးရွာမှ ဒေသခံပြည်သူ ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ) (၄၄၅)

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၈၅ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အီသီယိုးပီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မေ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အီသီယိုးပီးယားနိုင်ငံသား ၇၈ ဦးနှင့် လိုက်ဘေးရီးယားနိုင်ငံသား ခုနစ်ဦးတို့အား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အီသီယိုးပီးယားနိုင်ငံသား တစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ လိုက်ဘေးရီးယားသံမှုတနိုင်ငံသံရုံး First Secretary Mr. Moses Barclay နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr.Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-ကျောက်ခတ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၇၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၁၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မွေးမြူရေးလုပ်ငန်းရှင်များအား တိရစ္ဆာန်များ တိုးချဲ့မွေးမြူနိုင်ရန် ငွေကျပ် ၄၂၉၈ သိန်းကျော်ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထား

**စစ်ကိုင်း မေ ၁၆**

တိရစ္ဆာန်များ တိုးချဲ့မွေးမြူနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၄၂၉၈ သိန်းကျော်ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားသည်။

'ပြည်သူတွေ လိုအပ်တဲ့ အာဟာရရဲ့ ဘေးအန္တရာယ်ကင်းရှင်းတဲ့ အသား၊ ငါး၊ နို့နဲ့ ဥတွေ ရရှိဖို့အတွက် ဌာနဆိုင်ရာများနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေက အလေးထားကာ ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ တိရစ္ဆာန်တွေ မွေးမြူတဲ့နေရာမှာ မွေးမြူရေးစနစ်မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ကူးစက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတွေဟာ အရေးကြီးပါတယ်။ မွေးဖွားမှုများပြီး သေဆုံးမှုနည်းမှသာ တိရစ္ဆာန်တိုးတက်ပြီး အသားထုတ်လုပ်မှု မြင့်တက်လာမှာ ဖြစ်ပါတယ်'ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် မွေးမြူရေးတောင်သူများအား တွေ့ဆုံဆွေးနွေးခြင်းနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း ပညာပေးဟောပြောပွဲကို မေ ၁၄ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမတွင် ကျင်းပရာ ဝန်ကြီးချုပ်က တက်ရောက်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးက အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်း သိကောင်းစရာ၊ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ငါးမွေးမြူရေးနှင့် ငါးသားဖောက်ခြင်းလုပ်ငန်း သိကောင်းစရာ၊ စစ်ကိုင်းတိုင်းဒေသကြီး ပျားမွေးမြူရေးလုပ်ငန်းတာဝန်ခံက ပျားမွေးမြူရေးလုပ်ငန်း သိကောင်းစရာ၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ခွာနာလျှာနာရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မွေးမြူရေးတောင်သူများက မိမိတို့လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ... လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် ဌာနဆိုင်ရာများနှင့် မွေးမြူရေးတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေး ပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရုံးဝင်းအတွင်း ကြက်မဲ၊ တိုင်းရင်းကြက်များ မွေးမြူထားရှိမှုနှင့် နေပီယာမြက် စိုက်ပျိုးထားရှိမှုများအား လိုက်လံကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၃၉၄)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Zaw Yu Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်မျိုးအောင်ရပ်ကွက်နေ ဇော်ယုထွန်းအား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Kyawt Kyawt(Melmady)" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သင်္ကြောကျေးရွာနေ ကျော့အိထွန်းအား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm




## ဆဗင်ဘို့မန်း ဒူးဒဏ်ရာကြောင့် နယူးကာဆယ်အသင်း၏ လက်ကျန်ပွဲစဉ်အားလုံး လွဲချော်မည်

**လန်ဒန် မေ ၁၆**

နယူးကာဆယ်အသင်း နောက်ခံကစားသမား ဆဗင်ဘို့မန်းသည် ဒူးဒဏ်ရာကြောင့် အသင်း၏ လက်ကျန်ပွဲစဉ်အားလုံး လွဲချော်သွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် နယူးကာဆယ်အသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဆဗင်ဘို့မန်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နယူးကာဆယ်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဆဗင်ဘို့မန်းသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**





## ဆော်ဒီလိဂ် ချန်ပီယံဆုကို အယ်လ်အစ်တီဟတ်အသင်း ဆွတ်ခူး

**လန်ဒန် မေ ၁၆**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဆော်ဒီလိဂ်ချန်ပီယံဆုအား အယ်လ်အစ်တီဟတ်အသင်းက (၁၀)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

အယ်လ်အစ်တီဟတ်အသင်းသည် ဆော်ဒီလိဂ်ပြိုင်ပွဲ ပွဲစဉ် ၃၂ပွဲကစားအပြီးတွင် ရမှတ် ၇၇မှတ်ဖြင့် အဆင့်(၂)နေရာမှ အယ်လ်ဟီလယ် အသင်းအား ၉မှတ်အထိ ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် ၂ပွဲအလိုမှာပင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အယ်လ်အစ်တီဟတ်အသင်း ထုတ်ပြန်ချက်တွင် "ဆော်ဒီလိဂ် ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းချန်ပီယံဆု ရရှိအောင် ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)(NGB)**

## 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Coco Gauff တက်ရောက်

**တူရင် မေ ၁၆**

အီတလီနိုင်ငံတွင် ကျင်းပလျက်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2025 Inter-nazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် Zheng Qinwen အား ၇-၆၊ ၄-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် အီတလီတင်းနစ်မယ် Jasmine Paolini တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## ဇက်ခ်ဇီအား ခေါ်ယူရန် အင်တာမီလန်အသင်းစီစဉ်

**မီလန် မေ ၁၆**

အင်တာမီလန်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူး ဇက်ခ်ဇီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး ၇ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ဇက်ခ်ဇီကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အဆင်မပြေဖြစ်နေခြင်း အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ ဇက်ခ်ဇီအား ခေါ်ယူသွားနိုင်မည်လား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**



## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စပိန်လာလီဂါချန်ပီယံဆုကို ဘာစီလိုနာအသင်း ဆွတ်ခူး

**ဘာစီလိုနာ မေ ၁၆**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စပိန်လာလီဂါချန်ပီယံဆုကို ဘာစီလိုနာအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ် ၃၆ပွဲကစားအပြီးတွင် ရမှတ် ၈၅မှတ်ဖြင့် အဆင့်(၂)နေရာမှ ရီးရဲလ်မက်ဒရစ်အသင်းအား ၇မှတ်အထိဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် စပိန်လာလီဂါချန်ပီယံဆုကို (၂၈) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

ဘာစီလိုနာအသင်း စပိန်လာလီဂါချန်ပီယံဆုအား ဆွတ်ခူးခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။**(အောက်ပုံ)(NGB)**



### အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | ယခုနှစ် ပရီးမီးယားရလဒ် |
|---|---|---|---|
| ၁၇-၅-၂၀၂၅ စနေနေ့ | ည၁၀း၀၀နာရီ (ဝင်ဘလေကွင်း) | ပဲလေ့စ် – မန်စီးတီး (ပရီးမီးယား–၁၂)(ပရီးမီးယား–၄) | ပဲလေ့စ် ၁–၂ မန်စီးတီး<br>မန်စီးတီး ၅–၂ ပဲလေ့စ် |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၅-၂၀၂၅ | (၁၃)ဂျီနိုအာ – အတ္တလန်တာ(၃) | ဂျီနိုအာ ၁–၄ အတ္တလန်တာ | ဂျီနိုအာ(အိမ်) | ၁၈ | ၅ | ၇ | ၆ | ၁၉ | ၂၂ |
| နံနက်၀၁း၁၅နာရီ | (အတ္တလန်တာ ၅–၁ ဂျီနိုအာ) | အတ္တလန်တာ ၂–၀ ဂျီနိုအာ | အတ္တလန်တာ(ဧည့်) | ၁၈ | ၁၂ | ၃ | ၃ | ၃၉ | ၁၁ |

### ဂျပန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)နောက်ဆုံးပွဲစဉ်ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၇-၅-၂၀၂၅ | (၇)လိုက်ပဇစ် – စတုဂတ်(၉) | လိုက်ပဇစ် ၅–၁ စတုဂတ် | လိုက်ပဇစ်(အိမ်) | ၁၆ | ၈ | ၆ | ၂ | ၃၁ | ၂၀ |
| ည၁၀း၀၀နာရီ | (စတုဂတ် ၂–၁ လိုက်ပဇစ်) | စတုဂတ် ၅–၂ လိုက်ပဇစ် | စတုဂတ်(ဧည့်) | ၁၆ | ၆ | ၆ | ၄ | ၂၆ | ၂၅ |
| 〃 | (၅)ဒေါ့မွန် – ဟော်စတိုင်း(၁၇) | ဒေါ့မွန် ၂–၂ ဟော်စတိုင်း | ဒေါ့မွန်(အိမ်) | ၁၆ | ၁၀ | ၃ | ၃ | ၄၁ | ၁၉ |
| | (ဟော်စတိုင်း၄–၂ ဒေါ့မွန်) | (၂–၅–၂၀၂၃ဂျာမန်ဒိုက်ကယ်ဖလား) | ဟော်စတိုင်း(ဧည့်) | ၁၆ | ၂ | ၅ | ၉ | ၂၀ | ၃၆ |
| 〃 | (၁၅)ဟော်ဖန်ဟိမ်း – ဘိုင်ယန်မြူးနစ်(၁) | ဟော်ဖန်ဟိမ်း ၄–၂ ဘိုင်ယန်မြူးနစ် | ဟော်ဖန်ဟိမ်း(အိမ်) | ၁၆ | ၄ | ၅ | ၇ | ၂၀ | ၃၂ |
| | (ဘိုင်ယန်မြူးနစ် ၅–၀ ဟော်ဖန်ဟိမ်း) | ဘိုင်ယန်မြူးနစ် ၃–၀ ဟော်ဖန်ဟိမ်း | ဘိုင်ယန်မြူးနစ်(ဧည့်) | ၁၆ | ၁၀ | ၅ | ၁ | ၄၂ | ၁၆ |
| 〃 | (၁၆)ဟိုင်ဒင်ဟိမ်း – ဝီဒါဘရီမင်(၈) | ဟိုင်ဒင်ဟိမ်း ၄–၂ ဝီဒါဘရီမင် | ဟိုင်ဒင်ဟိမ်း(အိမ်) | ၁၆ | ၃ | ၂ | ၁၁ | ၁၂ | ၂၉ |
| | (ဝီဒါဘရီမင် ၃–၃ ဟိုင်ဒင်ဟိမ်း) | ဝီဒါဘရီမင် ၁–၂ ဟိုင်ဒင်ဟိမ်း | ဝီဒါဘရီမင်(ဧည့်) | ၁၆ | ၈ | ၃ | ၅ | ၂၉ | ၃၀ |
| 〃 | (၄)ဖရိုင်းဘတ် – ဖရန့်ဖတ်(၃) | ဖရိုင်းဘတ် ၃–၃ ဖရန့်ဖတ် | ဖရိုင်းဘတ်(အိမ်) | ၁၆ | ၉ | ၃ | ၄ | ၃၁ | ၂၃ |
| | (ဖရန့်ဖတ် ၄–၁ ဖရိုင်းဘတ်) | ဖရန့်ဖတ် ၀–၀ ဖရိုင်းဘတ် | ဖရန့်ဖတ်(ဧည့်) | ၁၆ | ၆ | ၅ | ၅ | ၂၅ | ၂၃ |
| 〃 | (၁၁)အော့စ်ဘတ် – ယူနီယံဘာလင်(၁၃) | အော့စ်ဘတ် ၂–၀ ယူနီယံဘာလင် | အော့စ်ဘတ်(အိမ်) | ၁၆ | ၆ | ၅ | ၅ | ၁၇ | ၁၈ |
| | (ယူနီယံဘာလင် ၀–၂ အော့စ်ဘတ်) | ယူနီယံဘာလင် ၁–၁ အော့စ်ဘတ် | ယူနီယံဘာလင်(ဧည့်) | ၁၆ | ၄ | ၄ | ၈ | ၁၅ | ၂၇ |
| 〃 | (၆)မိန့်ဇ် – လေဗာကူဆင်(၂) | မိန့်ဇ် ၀–၃ လေဗာကူဆင် | မိန့်ဇ်(အိမ်) | ၁၆ | ၆ | ၇ | ၃ | ၂၂ | ၁၆ |
| | (လေဗာကူဆင် ၁–၀ မိန့်ဇ်) | လေဗာကူဆင် ၂–၁ မိန့်ဇ် | လေဗာကူဆင်(ဧည့်) | ၁၆ | ၉ | ၇ | – | ၃၄ | ၁၉ |
| 〃 | (၁၀)ဂလက်ဘတ် – ဝုလ်ဖ်ဘတ်(၁၂) | ဂလက်ဘတ် ၄–၀ ဝုလ်ဖ်ဘတ် | ဂလက်ဘတ်(အိမ်) | ၁၆ | ၇ | ၃ | ၆ | ၂၉ | ၂၀ |
| | (ဝုလ်ဖ်ဘတ် ၅–၁ ဂလက်ဘတ်) | ဝုလ်ဖ်ဘတ် ၁–၃ ဂလက်ဘတ် | ဝုလ်ဖ်ဘတ်(ဧည့်) | ၁၆ | ၇ | ၃ | ၆ | ၂၈ | ၂၅ |
| 〃 | (၁၄)စိန့်ပေါလီ – ဘိုချွန်(၁၈) | စိန့်ပေါလီ ၂–၃ ဘိုချွန် | စိန့်ပေါလီ(အိမ်) | ၁၆ | ၃ | ၅ | ၈ | ၁၀ | ၁၇ |
| | (ဘိုချွန် ၁–၀ စိန့်ပေါလီ) | ဘိုချွန် ၂–၂ စိန့်ပေါလီ | ဘိုချွန်(ဧည့်) | ၁၆ | ၂ | ၃ | ၁၁ | ၁၅ | ၃၄ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)နောက်ဆုံးပွဲစဉ်ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၅-၂၀၂၅ | (၂)မာဆေး – ရင်းနက်စ်(၁၁) | မာဆေး ၂–၀ ရင်းနက်စ် | မာဆေး(အိမ်) | ၁၆ | ၉ | ၄ | ၃ | ၃၇ | ၂၁ |
| နံနက်၀၃း၀၀နာရီ | (ရင်းနက်စ် ၁–၂ မာဆေး) | ရင်းနက်စ် ၂–၀ မာဆေး | ရင်းနက်စ်(ဧည့်) | ၁၆ | ၄ | ၁ | ၁၁ | ၂၅ | ၂၉ |
| 〃 | (၇)လိုင်ယွန် – အန်ဂျဲစ်(၁၃) | လိုင်ယွန် ၅–၀ အန်ဂျဲစ် | လိုင်ယွန်(အိမ်) | ၁၆ | ၁၀ | ၂ | ၄ | ၃၅ | ၂၁ |
| | (အန်ဂျဲစ် ၀–၃ လိုင်ယွန်) | အန်ဂျဲစ် ၁–၃ လိုင်ယွန် | အန်ဂျဲစ်(ဧည့်) | ၁၆ | ၅ | ၄ | ၇ | ၁၄ | ၁၈ |
| 〃 | (၄)နိစ် – ဘရက်(၈) | နိစ် ၀–၀ ဘရက် | နိစ်(အိမ်) | ၁၆ | ၁၀ | ၄ | ၂ | ၃၂ | ၁၅ |
| | (ဘရက် ၀–၁ နိစ်) | ဘရက် ၀–၀ နိစ် | ဘရက်(ဧည့်) | ၁၆ | ၅ | ၂ | ၉ | ၂၀ | ၃၂ |
| 〃 | (၁၇)စိန့်အက်တီယန် – တူးလော့(၁၂) | စိန့်အက်တီယန် ၂–၂ တူးလော့ | စိန့်အက်တီယန်(အိမ်) | ၁၆ | ၆ | ၃ | ၇ | ၂၂ | ၃၀ |
| | (တူးလော့ ၂–၁ စိန့်အက်တီယန်) | တူးလော့ P – P စိန့်အက်တီယန် | တူးလော့(ဧည့်) | ၁၆ | ၅ | ၄ | ၇ | ၂၀ | ၁၉ |
| 〃 | (၁၇)လိုင်လီ – ရမ်းစ်(၁၄) | လိုင်လီ ၁–၂ ရမ်းစ် | လိုင်လီ(အိမ်) | ၁၆ | ၁၀ | ၄ | ၂ | ၂၉ | ၁၇ |
| | (ရမ်းစ် ၀–၂ လိုင်လီ) | ရမ်းစ် ၀–၁ လိုင်လီ | ရမ်းစ်(ဧည့်) | ၁၆ | ၄ | ၅ | ၇ | ၁၅ | ၂၀ |
| 〃 | (၆)စထရာ့စ် – လီဟာဗာ(၁၆) | စထရာ့စ် ၂–၁ လီဟာဗာ | စထရာ့စ်(အိမ်) | ၁၆ | ၁၀ | ၅ | ၁ | ၃၁ | ၁၇ |
| | (လီဟာဗာ ၀–၃ စထရာ့စ်) | လီဟာဗာ ၃–၁ စထရာ့စ် | လီဟာဗာ(ဧည့်) | ၁၆ | ၆ | ၂ | ၈ | ၂၂ | ၂၃ |
| 〃 | (၁၅)နန့်တက်စ် – မောင့်ပယ်လီယာ(၁၈) | နန့်တက်စ် ၂–၀ မောင့်ပယ်လီယာ | နန့်တက်စ်(အိမ်) | ၁၆ | ၄ | ၆ | ၆ | ၁၆ | ၁၈ |
| | (မောင့်ပယ်လီယာ ၁–၃ နန့်တက်စ်) | မောင့်ပယ်လီယာ ၁–၁ နန့်တက်စ် | မောင့်ပယ်လီယာ(ဧည့်) | ၁၆ | ၁ | – | ၁၅ | ၆ | ၃၅ |
| 〃 | (၉)လန်းစ် – မိုနာကို(၃) | လန်းစ် ၂–၃ မိုနာကို | လန်းစ်(အိမ်) | ၁၆ | ၆ | ၂ | ၈ | ၁၅ | ၂၂ |
| | (မိုနာကို ၁–၁ လန်းစ်) | မိုနာကို ၃–၀ လန်းစ် | မိုနာကို(ဧည့်) | ၁၆ | ၆ | ၄ | ၆ | ၂၀ | ၂၁ |
| 〃 | (၁)PSG – အော်ဇေး(၁၀) | PSG ၅–၀ အော်ဇေး | PSG(အိမ်) | ၁၆ | ၁၃ | ၂ | ၁ | ၄၂ | ၁၅ |
| | (အော်ဇေး ၀–၀ PSG) | အော်ဇေး ၁–၂ PSG | အော်ဇေး(ဧည့်) | ၁၆ | ၄ | ၃ | ၉ | ၂၃ | ၃၁ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၁၆**

တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းမှ ရရှိခဲ့သည့် ဥပဒေအသိပညာများကို မိမိတို့ လုပ်ငန်းနယ်ပယ်အသီးသီးရောက်ရှိသည့်အခါ ဝန်ထမ်းများကို ဆင့်ပွားပြန်လည်ပို့ချသွားနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိတို့က သင်တန်းတက် ရောက်ခဲ့သည့် တက္ကသိုလ်များမှ သင်တန်းသားများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်း သင်တန်းသား စုစုပေါင်း ၅၆ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီးနောက် သင်တန်းသားများကိုယ်စား ဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသားများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





















# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် 'ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့' ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနား ကျင်းပ






**မန္တလေး မေ ၁၆**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် 'ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့' ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ၂၆လမ်းနှင့် ၆၆လမ်းထောင့်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူများ တက်ရောက်ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တိုင်းဒေသကြီး အဆင့် ကျောင်းအပ်နှံရေးသီတင်းပတ်မြေစိုက်ပိုစတာအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက မြေစိုက်ပိုစတာအား နံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့တို့အားဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေး သီတင်းပတ်အနေဖြင့် ၂၀၂၅ ခုနှစ် မေ ၂၂ ရက်မှ စတင်လက်ခံပေးသွားမည်ဖြစ်ပြီး ဇွန် ၂ ရက်တွင် ကျောင်းများ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



သတင်း-စာမျက်နှာ ၁၂




## လျှင်ဘေးသင့်ကလေးငယ်များအား ကလေးပျော်အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိ

**စစ်ကိုင်း မေ ၁၆**

စစ်ကိုင်းမြို့တွင် ငလျင်ဘေးသင့် ကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာပျော်ရွှင်စေရန် ကလေးပျော် အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည်။

ကလေးပျော် အစီအစဉ်များကို လူမှုဝန်ထမ်းဦးစီးဌာနက ငလျင်ဘေးသင့် ကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာပျော်ရွှင်မှုများဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

'ငလျင်ဘေးသင့်ကလေးငယ်တွေကို ကစားနည်းအမျိုးမျိုး (Games) ကစားတာ၊ စိတ်အပန်းပြေစေတဲ့ ပုံပြင်ပြောတာ၊ စာဖတ်တာ၊ အရုပ်ဆက်အစီအစဉ်တွေ ဆောင်ရွက်ပေးတာ၊ စိတ်ပိုင်းဆိုင်ရာ အားပေးတာတွေကို စီစဉ်ဆောင်ရွက်ပေးနေတာပါ။ ငလျင်ဒဏ်ခံစားခဲ့ရတဲ့ လူကြီးတွေအနေနဲ့ သူတို့ရဲ့ ထိခိုက်ခံစားရမှုတွေကို ထုတ်ဖော်ပြောပြနိုင်ပေမယ့် ကလေးသူငယ်တွေအနေနဲ့ သူတို့ရဲ့ စိတ်ထိခိုက်ခံစားရမှုတွေကို ထုတ်ဖော်ပြောပြဖို့ အခက်အခဲရှိပါတယ်။ အဲ့ဒါကြောင့် ငလျင်ဒဏ်ခံစားခဲ့ရတဲ့ ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ စိုးရိမ်ထိတ်လန့်မှုတွေ၊ ကြောက်ရွံ့မှုတွေကို လျော့နည်းသက်သာစေဖို့အတွက် ကလေးပျော် အစီအစဉ်တွေကို ဆောင်ရွက်ပေးတာဖြစ်ပါတယ်'ဟု စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးမှူးက ပြောသည်။

ကလေးပျော်အစီအစဉ်များကို စစ်ကိုင်းမြို့ရှိ ငလျင်ဘေးသင့် ရပ်ကွက်များတွင် နှစ်ရက်လျှင် တစ်ကြိမ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ကလေးများ၏ မိဘများနှင့် မိသားစုဝင်များ ပါဝင်သည့် Parenting Education အစီအစဉ်များကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၉၄)**

ဝ-ဝ-ဝ-ဝ-ဝ

## ပြည့်စုံသုတစာကြည့်တိုက်တွင် အသိပညာပေးဟောပြောပွဲ၊ ရွေ့လျားစာကြည့်တိုက်နှင့် စာဖတ်ဝိုင်း ကျင်းပ

**နမ့်စန် မေ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲ၊ ရွေ့လျား စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၅)ကျေးရွာရှိ ပြည့်စုံသုတစာကြည့်တိုက်တွင် ကျင်းပရာ အမှတ်(၅)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ကိုကို၊ အမှတ်(၅)ကျေးရွာတာဝန်ခံ ဦးဝင်းရွှေနှင့် ရပ်မိ၊ ရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဉမ္မာအောင်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို အသိပညာပေးဟောပြောခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်မေပြုံးပွင့်အောင်က ကလေးများအတွက် အသိပညာပေးပုံပြင်များ ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများကို ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်း၊ စာဖတ်ဝိုင်းဆောင်ရွက်ခြင်းနှင့် ကလေးများအတွက် ကိုယ်ကာယလှုပ်ရှားမှု ဂိမ်းပြိုင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ပစ္စည်းတင်ဒါဖွင့်ပွဲ ကျင်းပ

**နတ်မောက် မေ ၁၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း ပစ္စည်းတင်ဒါဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်၍ ရှင်းလင်းခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါများ၏ အရည်အသွေး သတ်မှတ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တင်ဒါတင်သွင်းသူများက မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(၄၆၅)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Hunt စပိုင်အက်ရှင်ဇာတ်ကားတွင် Lee Jung-Jae ပါဝင်ထား

ဝါရင့်မင်းသားကြီး လီဂျောင်ဂျေး ပါဝင်ထားသည့် Hunt ဇာတ်ကားသည် စပိုင်အက်ရှင်ဇာတ်ကားဖြစ်ပြီး ကိုရီးယားရောက်မြန်မာများလည်း ပါဝင်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစပိုင်အက်ရှင်ဇာတ်ကားတွင် Squid Game မင်းသား လီဂျောင်ဂျေး၊ ဂျောင်ဝူဆောင်း၊ မင်းသမီး ဂျောင်းဟေဂျင်း၊ ဂိုယွန်ဂျောင်းတို့ အဓိကပါဝင်ထားပြီး ဟွန်ဆောင်တီး၊ ဂျောင်မန်ဆွတ်တို့က ပံ့ပိုးပေးထားကာ ဧည့်သည်သရုပ်ဆောင်အဖြစ် လတ်တလောဒေဆောင်းဆုရှင် ဂျူဂျီဟွန်းနှင့် ပတ်ဆောင်ဝမ်တို့ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ထားသည်။ ယင်းဇာတ်လမ်းသည် မြန်မာနိုင်ငံတွင် ဖြစ်ခဲ့သည့် ဖြစ်ရပ်နှင့် ဆင်တူနေသည့်အတွက် ကိုရီးယားရောက်မြန်မာလူမျိုးအချို့လည်း အားဖြည့်ပါဝင်ထားသည့် ၂၀၂၂ ခုနှစ်အတွက် စပိုင်အက်ရှင်ဇာတ်ကားဖြစ်ပြီး ပရိသတ်အားပေးမှုရရှိထားသည်။(SKY)

## မကြွေသင့်ဘဲ ကြွေလွင့်ခဲ့ရသည့် Leslie Cheung

ဟောင်ကောင်ထိပ်တန်းသရုပ်ဆောင်များဖြစ်ကြသည့် ချောင်ယွန်ဖတ်၊ ဂျက်ကီချန်း၊ ဘရုစလီ၊ တိုနီလျောင်တို့ကဲ့သို့ နာမည်ကြီးအနုပညာရှင် လီစလီချောင်သည် မကြွေသင့်ဘဲ ကြွေလွင့်ခဲ့ရသည့် ကြယ်တစ်ပွင့်ဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီစလီချောင်သည် ဟောင်ကောင်ကြယ်တစ်ပွင့်ဖြစ်ခဲ့ပြီး ချမ်းသာကြွယ်ဝသော အထည်ဆိုင်ပိုင်ရှင်မိသားစုမှ ဆင်းသက်ခဲ့သော်လည်း မိဘများနှင့် အဆင်ပြေခြင်း မရှိခဲ့ချေ။

အဆိုတော်၊ သရုပ်ဆောင် လီစလီချောင်သည် ငယ်ဘဝ ပင်ပန်းမှုဒဏ်၊ စိတ်ဒဏ်ရာများကြားမှ အောင်မြင်သည့်အနုပညာရှင်ဖြစ်လာကာ အနုပညာသက်တမ်း ၂၆ နှစ်တွင် အယ်လ်ဘမ် ၄၀ ကျော်၊ ရုပ်ရှင် ၅၆ ကားနှင့် ဆုတံဆိပ်များစွာ ရရှိထားကာ ၁၉၈၅ ခုနှစ်တွင် တစ်ကိုယ်တော်ပွဲ ၁၀ ပွဲနှင့် စံချိန်ချိုးထားသူဖြစ်သည်။

လီစလီချောင်သည် ကိုယ်ပိုင်ထုတ်လုပ်ရေးလုပ်ကာ ပြည်တွင်း၊ ပြည်ပ နာမည်ကျော်ခဲ့ရာမှ လိင်တူချစ်သူဖြစ်၍ စိတ်ကျရောဂါနှင့် ၂၀၀၃ ခုနှစ်တွင် ဟိုတယ်ပေါ်မှ ခုန်ချခဲ့ကာ ချစ်သူက မွေးနေ့ရောက်တိုင်း လွမ်းဆွတ်နေဆဲဖြစ်သည်။ (SKY)



## Now You See Me 3 မျက်လှည့်ပါရမီရှင်တို့၏ တတိယမြောက် ရုပ်ရှင်ပိုစတာ ထွက်ရှိလာ

မျက်လှည့်ပညာရှင်တို့၏ တတိယမြောက်ရုပ်ရှင် Now You See Me : Now You Don't အတွက် ပိုစတာထွက်ရှိလာရာ ပရိသတ်စိတ်ဝင်စားမှုမြင့်မားနေကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် မြင်းသည်တော် လေးဦးအဖြစ် ဂျက်ဆီအီဆန်ဘရက်၊ ဝူဒီဟာရီဆန်၊ ဒေ့ဖရန်ကိုနှင့် အစ်လာဖီရှာတို့အပြင် မော်ဂန်ပရီမင်း၊ မင်းသမီး ရိုစမတ်ပိုက်၊ မင်းသား ဂျက်စတင်စမစ်၊ ဒေါမနစ်ဆီဆာတို့လည်း ပါဝင်အားဖြည့်ထားသည်။

မျက်လှည့်ပြကွက်ဆန်းများနှင့် အနုပညာရှင်များစွာတို့က ပံ့ဖော်ထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ရုံတင်ပြသမည် ဖြစ်သည်။ (SKY)




## BTS မှ Jin ၏ Kian's Bizarre B&B ရိုက်ကူးရေးပြီးစီးမှု မျှဝေ

လွန်ခဲ့သည့် နွေရာသီတွင် အူလ်လန်ဒိုကျွန်း B&B အဆောက်အအုံ၌ Kian's Bizarre B&B ရိုက်ကူးရေးပြီးစီးခဲ့ရာ BTS မှ ဂျင်က အတွေ့အကြုံများကို မျှဝေပေးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရှိုးတွင် ချမှတ်ထားသည့် စည်းကမ်းကို လိုက်နာကာ ဧည့်သည်လျှောက်ထားသူ ၃၀၀၀၀ ကျော်မှ ရွေးချယ်ထားသူများနှင့် အမှတ်တရကောင်းများ ဖန်တီးခဲ့ကြောင်း၊ ဧည့်သည်များကို သံယောဇဉ်တွယ်ခဲ့ကာ ကင်ဆာရောဂါသည် ဖခင်က သားနှစ်ယောက်နှင့် အမှတ်တရ ဖန်တီးရန်၊ မြောက်ကိုရီးယားမှ ထွက်ပြေးရင်း ဖခင်သေဆုံးပြီး ညီလေးနှင့် လွတ်မြောက်သူတို့အကြောင်း၊ စဉ်းစားတွေးခေါ်၍ အကြံဉာဏ်ကောင်းများစွာ ရရှိခဲ့သည်ဟု မျှဝေပေးသွားသည်။ (SKY)






## ရောဂါသုံးမျိုးကြောင့် အမျိုးသမီးများထက်ပို၍ အမျိုးသားများ သေဆုံးနေရသည်ဟု ဆို

ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုတစ်ခုအရ သွေးတိုး၊ ဆီးချိုနှင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါသုံးမျိုးကြောင့် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ သေဆုံးနေကြကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါလေ့လာမှုတွင် တောင်ဒိန်းမတ်တက္ကသိုလ်မှ အန်ဂျယ်လာချန်း ဦးဆောင်သော သုတေသီများက အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာ အရင်းအမြစ်များအကြောင်း သုတေသနပြုရာမှ အမျိုးသားများသည် ယင်းအဓိက ကျန်းမာရေးအခြေအနေသုံးမျိုးတွင် အမျိုးသမီးများထက် ပိုမိုဖြစ်ပွားပြီး သေဆုံးနိုင်ခြေပိုများကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းရောဂါများသည် လိင်နှင့် အသက်အပေါ် မူတည်၍ လူတို့အပေါ် မည်သို့ကွဲပြားစွာ ထိခိုက်စေသည်ကို ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များဖြင့် အဆိုပါသုတေသီများ ခြေရာခံခဲ့ကြသည်။ ကျန်းမာရေးမူဝါဒများစွာက အမျိုးသားနှင့် အမျိုးသမီးများကို တူညီစွာ အကျိုးသက်ရောက်သော်လည်း အန္တရာယ်နှင့် ရလဒ်များသည် မကြာခဏ မတူညီဘဲ ကွဲပြားသည်ကိုလည်း ထိုသုတေသီများ တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)




## Akshay Kumar ၏ OMG 2 လူ့လောကစံနှုန်းများကို မေးခွန်းထုတ်ထား

ဘောလိဝုဒ်အနုပညာရှင် အရှေးကူးမား၏ OMG မှာ အောင်မြင်မှုရရှိထားပြီး အပိုင်း(၂) ဆက်လက်ရိုက်ကူးထားရာ ကုဋေ ၅၀ ရင်းထားပြီး ရုံတင်ဝင်ငွေ ကုဋေ ၂၂၀ နှင့် အောင်မြင်မှုရရှိ၍ လူ့လောကစံနှုန်းများကို မေးခွန်းထုတ်ထားသော ရုပ်ရှင်ဖြစ်ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အရှေးကူမားနှင့် ဝါရင့်မင်းသားကြီး ပန်ကတ်ချ်သရီပတီတို့၏ OMG 1 တွင် ဘုရားကို မယုံကြည်သူက သူ့အိမ်ကိုရွေး၍ ငလျင်လှုပ်ခဲ့သဖြင့် ဘုရားကို တရားစွဲခဲ့ရာမှ တစ်လောကလုံးနှင့်တစ်ယောက်ရင်ဆိုင်ရပုံကို ဘာသာရေးအကြောင်းနှင့် ရောသမမွှေတင်ဆက်ထားသည်။ ဒုတိယပိုင်းတွင် ဇာတ်ကောင်စရိုက်နှင့် ဇာတ်လမ်းသဘာဝများ ပြောင်းလဲထားပြီး ဘာသာရေးကိုင်းရှိုင်းသူ၊ လူအများချစ်ခင်သည့် အိမ်ထောင်ဦးစီး၏သားဖြစ်သူ ဇာတ်လမ်းဖြစ်ကာ လိင်ပညာပေး သေချာမလုပ်တဲ့ ကျောင်းသားကို အပြစ်တင်သည့်ကျောင်းနှင့် အခြားလူများကို တရားစွဲခဲ့ရာမှ အရှင်သို့ဝတရားပြပုံကို တင်ဆက်ထားသည်။ (SKY)




## Ha Jung Woo ၏ Lobby ကို ကိုယ်တိုင်ရိုက်ကူးထား

ဝါရင့်သရုပ်ဆောင် ဟာဂျောင်ဝူးက Lobby ဇာတ်ကားကို ကိုယ်တိုင်ပါဝင်သရုပ်ဆောင်၍ ကိုယ်တိုင်ရိုက်ကူးထားသည့် စီးပွားရေးဟာသဇာတ်ရေးယှက်ထားသည့်ဇာတ်ကားဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဟာဂျောင်ဝူးနှင့်အတူ ပတ်မြောင်အွန်း၊ ကင်အီဆောင်း၊ လီဒေါင်ဟွေး၊ ကွမ်ဆန်ယောင်၊ ချိုင်ဆီဝမ်၊ ချာဂျူယောင်းတို့ ပါဝင်အားဖြည့်ထားကြကာ မိနီဒရမ်မာအမျိုးအစားဟာသဇာတ်ကားဖြစ်သည်။

ဟာဂျောင်ဝူးသည် သရုပ်ဆောင် ပိုင်နိုင်ကျွမ်းကျင်ရုံသာမက ဒါရိုက်တာတစ်ဦးအဖြစ်လည်း ကိုင်တွယ်နိုင်ကာ အရည်အချင်းပြည့်ဝသူတစ်ဦးဖြစ်သည်ကို တွေ့ကြရ၍ ပရိသတ်အားပေးမှု ရရှိထားသည်။

(SKY)

## ကျောင်းအပ်နှံရေးနေ့ သီတင်းပတ် ပိုစတာစိုက်ထူပွဲ အခမ်းအနား ကျင်းပ

**သရက် မေ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၏ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အထိမ်းအမှတ် ပိုစတာစိုက်ထူပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၈နာရီခွဲက မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ကျင်းပရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအပ်နှံရေးနေ့သီတင်းပတ် အထိမ်းအမှတ် ပိုစတာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းအပ်နှံရေးနေ့သီတင်းပတ် ပိုစတာအား ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများက အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စော်ထက်(သရက်)**



## မိုဘိုင်းစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်းပေး

**မိတ္ထီလာ မေ ၁၆**

မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မိုဘိုင်းစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊စာစောင်များ ကွင်းဆင်းငှားရမ်းပေးခြင်းကို ကန်တောင်ကျေးရွာအုပ်စု၊ မုန်ပင်ဆည်ကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ မိုဘိုင်းစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးရာတွင် ဒေသခံကျေးရွာနေ ပြည်သူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က မိုဘိုင်းစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊စာစောင်များ ငှားရမ်းပေးခြင်းမှာ မိတ္ထီလာမြို့နယ်၊ မုန်ပင်ဆည်ကျေးရွာသို့ ပထမဆုံးနေရာအဖြစ် ရွေးချယ်ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ကျေးရွာဒေသခံများအနေဖြင့် စာအုပ်၊စာစောင်များ ဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတများတိုးပွားကာ မိမိတို့ဘဝ အောင်မြင်ရေး လုပ်ငန်းများတွင် အကျိုးရှိစေရန် ရည်ရွယ်ပြီး လာရောက်ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာဒေသခံများအနေဖြင့် စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုခြင်းကို စိတ်ဝင်စားမှုရှိပါက အပတ်စဉ် လာရောက်ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် ကျေးရွာဒေသခံများက ယခုကဲ့သို့ မိုဘိုင်း စာကြည့်တိုက်ယာဉ်ဖြင့် ကျေးရွာအရောက် စာအုပ်၊စာစောင်များ လာရောက် ငှားရမ်းပေးခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ စာအုပ်၊စာစောင်များ ငှားရမ်းဖတ်ရှုရန် စိတ်ဝင်စားမှုရှိပါကြောင်း၊ အပတ်စဉ် အလှည့်ကျလာရောက် ငှားရမ်းပေးစေလိုပါကြောင်း ပြန်လည် ပြောကြားသည်။ထို့နောက် မိုဘိုင်းစာကြည့်တိုက်ယာဉ်ပေါ်ပါ စာအုပ်၊ စာစောင်များကို ကျေးရွာဒေသခံပြည်သူများက စိတ်ဝင်တစား တက်ရောက်လေ့လာကြည့်ရှု ငှားရမ်းကြရာ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက စာအုပ်၊စာစောင် ငှားရမ်းစာရင်းသွင်း၍ စနစ်တကျ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၅၃)

## လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**မိုင်းခုတ် မေ ၁၆**


ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နွေရာသီကျောင်းပိတ်ရက်များတွင် လူငယ်များ ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မေ ၁၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်၍ မုန့်များပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*




**စာအုပ်၊ စာပေ လူ့မိတ်ဆွေ။**

**ဖတ်စရာ၊ မှတ်စရာ စုံလင်**

## အနန္တဂုဏ်စုံ မြတ်ကဆုန်

* ဒေါင်ဇေယျတု ၊ ခရသံဝေ
မိတ်ဆွေစုပေါင်း ၊ ခညောင်းပေါ်ပေ
မေတ္တာမျှကူး ၊ ရှင်မြူးနိုင်စေ
ပျော်ရွှင်ခြင်း ၊ စိတ်ရင်းထပ်တူနေ ။

* လူဖြစ်တန်ဖိုး ၊ တည်ရိုးစေမြိုင်
ဉာဏ်နှင့်ယှဉ်ပြု ၊ ကောင်းမှုတည်ခိုင်
ဒါန သီလ ၊ ပြုကြဝေလှိုင်
မြင့်ဂုဏ်နန်း ၊ ဆင့်မြန်းပွင့်ဖူးကြိုင် ။

* ဘုရားမိန့်ထား ၊ တရားနာယူ
သံသရာကမ်း ၊ မင်္ဂလမ်းဆောင်ထူ
သံဃာရည်မှူ ၊ မှန်ပြုပေးလှူ
သိဉာဏ်ရ ၊ ပြည့်ဝလူဖြစ်သူ ။

* ခန္ဓာအိမ်ကြီး ၊ ခရီးချိန်ခါ
မိမာတာမွေး ၊ ဖကျွေးခဲ့တာ
ပညာတံတိုင်း ၊ ခြံသိုင်းဆရာ
ဘဝအတွက် ၊ မှန်းဆက်ဂုဏ်အင်္ဂါ ။

* ဂုဏ်းဝင်ကျေးဇူး ၊ ဆပ်ဖူးရမည်
အချိန်မျှလေ့ ၊ မမေ့ဦးတည်
လက်ဆယ်ဖြာမိုး ၊ ရှိခိုးဂုဏ်သီ
ပေးဆပ်နစ် ၊ လူဖြစ်တန်ဖိုးရည် ။

* လိမ္မာသိတတ် ၊ ကောင်းမြတ်စေရန်
လုပ်ကျွေးပြုစု ၊ ယခုအမှန်
ချမ်းသာကြီးပွား ၊ ဂုဏ်အားဝေစံ
တောင့်တတိုင်း ၊ မဆိုင်းပြည့်ရပြန် ။

* ယခုမျက်မှောက် ၊ ချင့်ထောက်မြော်မြင်
ဘုရား တရားလ ၊ စထားဦးတင်
သံဃာ မိဘ ၊ ဆရာ့ဂုဏ်အင်
ဘဝအဆက် ၊ စီးလျက်ရေအလျဉ် ။

* ကဆုန်လတွင်း ၊ လပွင့်ထူးလှိုင်ကြွယ်
ကျင့်ကြံအားထုတ် ၊ ကြိုးကုတ်ညွှန်တယ်
ဘဝစခန်း ၊ မပန်းဖို့ရယ်
သိမှတ်ရှု ၊ ကျင့်ပြုလျှောက်စဖွယ် ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

# မဟာမုနိဘုရား ကျောင်းတော်ကြီး၊ ပြတိုက်၊ စောင်းတန်း၊ မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် အလှူငွေများ လာရောက်လှူဒါန်း



**မန္တလေး မေ ၁၆**

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိ ရုပ်ရှင်တော်မြတ် ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ မေ ၁၄ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သူရ ဦးမြင့်မောင်+ဒေါ်အေးအေးထွန်း မိသားစုကငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့နေ ဦးစိုးမြင့်+ ဒေါ်တင်ဝင်း မိသားစုက ငွေကျပ် ၃၅သိန်းကိုလည်း ကောင်း၊မန္တလေးမြို့၊စက်မှုဇုန်(၁) နေ ကိုကျော်မြင့်ဦး+မအိအိဖြိုး မိသားစုက ငွေကျပ် သိန်း ၂၀တို့ကို လာရောက်လှူဒါန်းရာ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပက အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်သည်။ ၎က်မြတ်နားတော်နှင့်ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့် ပူဇော်မည်ဖြစ်သည်။

မဟာမုနိဘုရားကျောင်းတော်ကြီး ပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊စောင်းတန်းများ ပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များ ပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန် အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 087 30206100449101 ၊ UAB ဘဏ်ငွေစာရင်းအမှတ်01 7130 100012259 ၊ နိုင်ငံခြားငွေ စာရင်းအမှတ် 017012100000 750 နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄ ၇၅၊၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)** (၀၄၅)



# မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်တွင် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချပွဲနှင့် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ ကျင်းပ

**နတ်မောက် မေ ၁၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ အောင်ဆန်းရပ်ကွက် မဟာစည်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တ သိရိန္ဒ၏ ဦးစီးဦးဆောင်မှုဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်ရေစက်ချပွဲနှင့် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက အဆိုပါ ကျောင်းတိုက်တွင် ကျင်းပသည်။

အဆိုပါ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်တွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ပင့်သံဃာအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ဟင်းနှင့် လှူဖွယ်ဝတ္ထု၊ ငွေတို့အား ဖိတ်ကြားထားသည့် ဒါယကာ၊ ဒါယိကာမများက လောင်းလှူခဲ့ကြသည်။ဆက်လက်၍ မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တ သိရိန္ဒထံမှ ဖိတ်ကြားထားသည့် ဒါယကာ၊ ဒါယိကာမများက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများမှ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်ခဲ့ကြပြီး မဟာစည်သာသနာ့ရိပ်သာ ဆရာတော်ထံမှ အနုမောဒနာတရားနှင့် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချအမှုပေးဝေကြကြောင်း သိရသည်။

**(အပေါ်ပုံ)** (၄၆၅)

# YEC ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းရှိ ကလေး ၅၀၀ ကျော်အား အာဟာရဒါန လှူဒါန်း

**မန္တလေး မေ ၁၆**


မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊မြောက်ဥယျာဉ်ရပ်ကွက်၊ ရန်အောင်မင်္ဂလာလမ်း၊ တံခွန်တိုင်ဈေးအရှေ့ဘက်လမ်းကြား၊ ခနော်တိုက် မဏိရတနာကျောင်းတိုက်အတွင်းရှိ YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်းရှိ ကလေးများအား မေ ၁၅ ရက် ညနေပိုင်းက အာဟာရဒါန ကျွေးမွေးလှူဒါန်းခဲ့သည်။

ညနေစာ အာဟာရဒါန လှူဒါန်းမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်မှ ဦးမင်းမင်းဦး ဦးဆောင်သော ပေးဆပ်သူနှလုံးသားသွေးလှူရှင်အသင်းနှင့် မခိုင်ဇာထွေးမိသားစု ခုနစ်ရက်သားသမီးများက ပရဟိတမိဘမဲ့ကျောင်းရှိ ကလေး ၅၀၀ ကျော်အား ညနေစာအာဟာရဒါန ကုသိုလ်ပြုလှူဒါန်းကြသည်။

YEC ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းတွင် ပညာရေးချို့တဲ့သော တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မိဘမဲ့ကလေးများ ၅၀၀ကျော်အား အာဟာရဒါနကုသိုလ်ပြုလိုပါလျှင် နံနက်စာ ငွေကျပ် ၂၅၀၀၀၀၊ နေ့လယ်စာ ငွေကျပ် ၃၅၀၀၀၀၊ အဆာပြေစာအတွက် ငွေကျပ် ၃၀၀၀၀၀နှင့် ညနေစာအတွက် ငွေကျပ် ၂၅၀၀၀၀ နှုန်းများဖြင့် ဖုန်း ၀၉-၂၅၆၅၀ ၀၂၁၁ နှင့် ၀၉-၇၇၅၅၄၄၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)
(၀၇၀)





**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ စစ်ကိုင်းမြို့၊ မီးရထားရပ်နေ ဦးအေးသက်မောင်+ဒေါ်ပပဝင်း မိသားစုက ဒံပေါက်ဆွမ်းနှင့် နတ်သုဒ္ဓါဆွမ်းအလှူငွေကျပ် ၈၃၀၀၀၀ ကို ယမန်နေ့က လှူဒါန်းရာ ဆွမ်း၊ကွမ်းဝေယျာဝစ္စကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

**(ကဆ)**

*-*- *-*-*

# မန္တလေးမြေငလျင်ဘေးသင့်ခဲ့သည့် ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**မန္တလေး မေ ၁၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊(၁၈)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် မေ ၁၅ ရက် နံနက်ပိုင်းက မန္တလေး မြေငလျင်ကြီးကြောင့် ဘေးသင့်ခဲ့သည့် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေ ပေးအပ်လျက်ရှိသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများကို အားပေးစကားများ ပြောကြားခဲ့သည်။



မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူ စုစုပေါင်း ၅၇၄၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၂၉၆၁ ဒသမ ၃၈ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၀၄၄၂၂၀၀၀ အား ပြည်သူများ လက်ဝယ်အရောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(၀၅၆)

သင့်ကျန်းမာရေးအတွက်
နေ့စဉ်
လမ်းလျှောက်ပါ။

# ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး မေ ၁၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်တွင် ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရတနာဘုမ္မိအရှေ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်စင်စိုးက ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကွက်စိပ်မှူးများက ငလျင်ဘေးသင့် ရပ်ကွက်နေ ပြည်သူများအား အိမ်ထောင်စုအလိုက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**'အာရောဂျံ ပရမံ လာဘံ' ကျန်းမာခြင်းသည် လာဘ်တစ်ပါး** တဲ့။ ဟုတ်ပါတယ်။ လူတစ်ယောက်မှာ ကျန်းမာရေးက အဓိကကျပါတယ်။ ကျန်းမာနေမှ စိတ်သွားတိုင်း ကိုယ်ပါပြီး လိုအင်ဆန္ဒတွေ ပြည့်ဝမှာပါ။ ကျန်းမာရေးမကောင်းဘူးဆိုရင် စိတ်ရော၊ ကိုယ်ရော ထိခိုက်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲသွားတဲ့အထိ ဖြစ်တတ်ကြပါတယ်။ ဒါကြောင့်လည်း ကျန်းမာရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယ၊ ကျန်းမာရေးသည် တတိယလို့ ပြောကြတာပါ။

ဒါကြောင့် ကျန်းမာရေးနဲ့ပတ်သက်ပြီး တစ်တော့ပေါ်က တင်ထားတဲ့ ဆေးနည်းတွေကို ဖော်ပြလိုက်ပါတယ်။ သိပြီးသူတွေလည်းရှိသလို မသိသေးတဲ့သူတွေလည်း ရှိမှာပါ။ ဒီဆေးနည်းလေးတွေ ဖတ်ပြီး ရောဂါဝေဒနာခံစားနေရတဲ့သူတွေ ပျောက်ကင်းသွားရင်ပဲ တစ်တော့ပေါ်မှာ မူရင်းတင်ပေးတဲ့ အကောင့်ပိုင်ရှင်ကလည်း ဝမ်းသာကျေနပ်နေမှာပါ။ ဒီဆေးနည်းလေးတွေကို ဖတ်ရပြီး ရောဂါဝေဒနာများ ပျောက်ကင်းကြပါစေ။

**သဘော်ရွက်**

သဘော်ရွက်ဟာ အာနိသင်ထက်မြက်ပြီး ခန္ဓာကိုယ်တွင်းမှာဖြစ်နေတဲ့ ရောဂါပိုးများကို တိုက်ဖျက်ပေးပြီး ကိုယ်ခန္ဓာ အားကောင်းမွန်စေပါတယ်။ သဘော်သီးမှာ ဗီတာမင်အေ၊ စီ၊ အီးနဲ့ ဗီတာမင်ကေ စတဲ့ ဓာတ်များစွာ ပါဝင်ပါတယ်။ ကင်ဆာ ရောဂါခံစားနေရတဲ့ ဝေဒနာရှင်များအတွက် ကင်ဆာဆဲလ်များကို ရှင်းပစ်နိုင်ပါတယ်။ ခြင်ကိုက်ရာမှ ဖြစ်ပေါ်လာတဲ့ အဖျားရောဂါ၊ ငှက်ဖျားရောဂါနဲ့ တုပ်ကွေးရောဂါတို့ကို ပျောက်ကင်းစေနိုင်ပါတယ်။ ခြေ၊ လက်အဆစ်အမြစ် ကိုက်ခဲနေသူများ၊ ရောင်ရမ်းနေသူများ၊ သွေးပေါင်ချိန်တက်နေသူများ၊ အရေပြားရောဂါဆိုင်ရာလူနာများ၊ ဆီးချိုရောဂါသည်များ၊ ဆီးနည်းခြင်း၊ ဆီးအောင့်ခြင်းဖြစ်နေသူများ၊ ချောင်းဆိုးရောဂါ၊ အဆုတ်ရောဂါ၊ တီဘီရောဂါဖြစ်နေသူများအတွက် သဘော်ရွက်ကို အသုံးပြုပေးနိုင်ပါတယ်။

သဘော်ရွက်ကို ခူးယူပြီး ကျောက်ပြင်ပေါ်မှာ ကြိတ် (သို့မဟုတ်) ငရုတ်ဆုံထဲ ထည့်ထောင်းပါ။ ရေအနည်းငယ်ထည့်ပြီး ပိတ်ပါးပါးဖြင့် အရည်ညှစ်၍ တစ်နေ့ကို သုံးကြိမ်သောက်သုံးနိုင်ပါတယ်။ သဘော်ရွက်နုနုကို မီးကင်ပြီး ထမင်းစားတဲ့အခါ တို့စရာအဖြစ်လည်း စားသုံးလို့ရပါတယ်။ သဘော်ရွက်ကို နေပူလှန်းပြီး အခြောက်ခံကာ အမှုန့်ဖြစ်အောင်ပြုလုပ်ပြီး ရေနွေးနဲ့ ရောပြီး သောက်နိုင်ပါတယ်။ ခါးသက်သက်အရသာရှိပြီး ဘေးထွက်ဆိုးကျိုးမရှိဘဲ အထက်ပါရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။ သဘော်သီးအစိမ်းနဲ့ အမှည့်ကို စားသုံးခြင်းဖြင့် အရွယ်တင်နုပျိုပြီး အသားအရေစိုပြည်စေပါတယ်။

ခါးနာတာ၊ ခေါင်းကိုက်တာတွေဖြစ်ရင် သဘော်ရွက်တစ်ရွက်ကိုခူးပြီး ရေနွေးဆူဆူမှာ ထည့်ပြုတ်လိုက်ပါ။ ပြီးတော့ သုံးမိနစ်လောက်ရှိရင် ထန်းလျက်ခဲ သုံးလုံးလောက်ထည့်ကျိုလိုက်ပါ။ သုံးမိနစ်လောက် ထပ်ကျိုပြီးရင် အရည်ကျလာပါပြီ။ အဲဒီအရည်ကို သောက်ပါ။ ၁၀ မိနစ်လောက်နေရင် ဆီးခဏခဏသွားပြီး ခါးနာ၊ ခေါင်းကိုက်တာတွေ ပျောက်ကင်းသွားပါမယ်။

**စပါးလင်**

စပါးလင်ဟာ ဗီတာမင်စီ၊ ဖောလစ်အက်စစ်၊ မဂ္ဂနီဆီယမ်၊ ဇင့်၊ သံဓာတ်၊ ထုံးဓာတ်၊ ပိုတက်ဆီယမ်၊ ဖော့စဖရပ်စ် စတာတွေကြွယ်ဝပြီး ဆေးဖက်ဝင်အစွမ်းသတ္တိတွေ ရှိပါတယ်။ အစာခြေလမ်းကြောင်းထဲမှာရှိတဲ့ မကောင်းတဲ့ ဘက်တီးရီးယားနဲ့ ကပ်ပါးကောင်တွေကို သေစေနိုင်ပြီး အူမထဲက အကျိုးပြု ဘက်တီးရီးယားတွေကို တိုးပွားစေနိုင်တာကြောင့် ကောင်းစွာ အစာခြေဖျက်နိုင်ဖို့ အထောက်အကူပြုပါတယ်။ ကိုလက်စထရော ပမာဏကိုလည်း ထိန်းချုပ်ပေးနိုင်စွမ်းရှိပါတယ်။

စပါးလင်ရဲ့ ပင်ကိုအစွမ်းသတ္တိအရ အဆိပ်အတောက်တွေ၊ ယူရစ်အက်စစ်နဲ့ မကောင်းတဲ့ ကိုလက်စထရောတွေကို ဆီးသွားခြင်းဖြင့် စွန့်ထုတ်စေတာကြောင့် ကျောက်ကပ်အတွက် ကောင်းကျိုးပြုပါတယ်။ ပိုးမွှားတွေနဲ့ မှိုရောဂါတွေကို သေစေနိုင်စွမ်းရှိတာကြောင့် စပါးလင်နဲ့ အအေးမိ၊ နှာစေး၊ တုပ်ကွေး၊ ဖျားနာတာတွေကို ကုသနိုင်ပါတယ်။

ကင်ဆာရောဂါကိုလည်း ကာကွယ်နိုင်ပြီး ခေါင်းကိုက်၊ ရင်ကျပ်၊ လည်ချောင်းနာ၊ ချွေးထွက်လွန်ခြင်း၊ ကိုယ်နံ့ဆိုးခြင်းတွေကိုလည်း စပါးလင် နှစ်ချောင်း၊ သုံးချောင်းကို သစ်ကြံပိုးခေါက်၊ နနွင်းမှုန့်အနည်းငယ်နဲ့ ဆူအောင်ကျိုပြီး အရည်ကို သောက်ပေးနိုင်ပါတယ်။ ကြွက်သားတွေ နာကျင်တာ၊ ဂေါက်ရောဂါ၊ လေးဘက်နာရောဂါ၊ အရိုးအဆစ်ရောင်ရမ်းနာကျင်တာတွေကို စပါးလင်ဆီ လိမ်းပေးရင် သက်သာပျောက်ကင်းစေပါတယ်။

စိတ်ပိုင်းဆိုင်ရာ ကျန်းမာစေပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုရှိစေကာ လန်းဆန်းတက်ကြွစေနိုင်တာကြောင့် စိတ်ကျဝေဒနာအတွက် အကောင်းဆုံးဆေးတစ်လက်ပါ။ ကိုယ်နံ့မကောင်းတာနဲ့ အရေပြားကျန်းမာရေးအတွက်လည်း အထောက်အကူပြုပါတယ်။ ခြေ၊ လက်၊ အသားအရေလှပဖို့အတွက် စပါးလင်ဆီလိမ်းမယ်ဆိုရင် ရေ(သို့မဟုတ်)သံလွင်ဆီနဲ့ရောပြီး လိမ်းနိုင်ပါတယ်။

ရေနွေးဆူဆူ ဖန်ခွက်တစ်ခွက်ထဲကို သကြားအနည်းငယ်နဲ့ သန့်စင်ထားတဲ့ စပါးလင် တစ်ချောင်းကို ပါးပါးလှီးထည့်ပြီး အဖုံးကို ခဏလောက်အုပ်ထားလိုက်ပါ။ ခပ်နွေးနွေးအနေအထားဖြစ်ရင် သောက်နိုင်ပါပြီ။ အရသာလည်း ကောင်းပါတယ်။

**ပျဉ်းတော်သိမ်**

ပျဉ်းတော်သိမ်ရွက်ကို ပဲကုလားဟင်း၊ ဆိတ်သားဟင်းနဲ့ အမဲသားဟင်းတို့ချက်တဲ့အခါ အနံ့ကောင်းအောင် ခတ်ကြပါတယ်။ ပျဉ်းတော်သိမ်ဟာ အရသာ ခါး၏။ ဖန်၏။ ကြေညက်လွယ်၏။ အပူကို ငြိမ်းစေ၏။ အနံ့စူးရှပြီး ဝါယော၊ အာပေါယှဉ်တွဲနေခြင်းကြောင့် သွေးကြောများ တက်တတ်၏။ သွေးဖောက်ပြန်ရောဂါ၊ ပိုးနာ၊ နူနာ၊ အဆိပ်သင့်နာတို့ကို နိုင်၏။ ဆီးနည်းစေ၏။

ပျဉ်းတော်သိမ်အရွက်ကို စားသုံးခြင်းဖြင့် ဝမ်းမှန်၊ လေသက်စေတယ်။ အရွက်(သို့မဟုတ်)အခေါက်သတ္တုရည်ဟာ သန်ကို ငြိမ်စေတယ်။ အခေါက်ကို ဆားနှင့်သွေး၍ သောက်ခြင်း၊ လိမ်းခြင်းပြုပါက အဆိပ်သင့်နာကို ပျောက်စေပါတယ်။ အရွက်စိမ်းသတ္တုရည်ကို ထိခိုက်ဒဏ်ရာပေါင်းတွင် သိပ်ပေးပါက ပျောက်ကင်းစေပါတယ်။ မိုးရာသီနှင့် ဆောင်းရာသီတွင် ဝမ်းဖောဝမ်းရောင်၊ ဝမ်းပျက်ခဲ့လျှင် အရွက်ကို ဟင်းချိုချက်စား၍သော်လည်းကောင်း၊ သုပ်စား၍သော်လည်းကောင်း ပျောက်ကင်းစေပါတယ်။ သွား ကိုက်၊ သွားနာရောဂါတို့အတွက် အခေါက်ကို ဆားအနည်းငယ် ထည့်၍ ပြုတ်သောက်လျှင် ပျောက်ကင်းစေတယ်။ ပျဉ်းတော်သိမ်ရွက်သတ္တုရည်ကို ညှစ်၍ နားထဲသို့ ထည့်ပေးပါက နားကိုက်၊ နားအူ၊ နားလေထွက်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

ပျဉ်းတော်သိမ်ပင်မှာပါတဲ့ တာပင်နီုက်တွေနဲ့ အငွေ့ပျံဆီတွေက ပိုးလည်းနိုင်တယ်။ အစာကြေချက်မှုလည်း ကောင်းစေတာကြောင့် ဗိုက်နာရင် အစာကြေပြီး အမြန်ပျောက်ကင်းစေနိုင်တယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းပေးလို့ ဆီးချိုသမားရော၊ ဆီးချိုဖြစ်လုဖြစ်ခင် လူတွေအတွက်ပါ အကျိုးပြုပါတယ်။ သွေးတွင်းအဆီကို ကျစေပြီး နှလုံးကို ကာကွယ်ပေးပါတယ်။ ကင်ဆာကို ဆန့်ကျင်တိုက်ဖျက်နိုင်တယ်။ ကိုယ်တွင်းရောင်ရမ်းမှုကို လျှော့ကျစေပြီး ဓာတ်တိုးမှုဟန့်တားတဲ့ အစွမ်းကြောင့်ဖြစ်ပါတယ်။ ကင်ဆာပြန့်ပွားမှုကို ဟန့်တားတဲ့အပြင် သွေးကင်ဆာမှာပါ အစွမ်းရှိတယ်လို့ သုတေသီတချို့က ဆိုပါတယ်။

ဆီးလမ်းကြောင်း ပိုးဝင်ပြီး ပိုးမစင်ဖြစ်တဲ့အခါ အရွက်ပြုတ်ရည်က အကျိုးပြုပါတယ်။ ကိုယ်တွင်း မှိုစွဲတဲ့ရောဂါတွေကလည်း ကုရခက်တာမို့ ပျဉ်းတော်သိမ်အရွက်ပြုတ်ရည်ကို အသုံးပြုနိုင်ပါတယ်။ ပျဉ်းတော်သိမ်ရွက်ရဲ့ ပိုးသတ်နိုင်စွမ်း၊ သွေးပေါင်ကျတဲ့အစွမ်း၊ ရောင်ရမ်းမှုကျတဲ့အစွမ်း၊ ဓာတ်တိုးဟန့်တားမှုအစွမ်း၊ ဆီးရှင်စေတဲ့အစွမ်းတွေကြောင့် ကျောက်ကပ်ရောဂါတွေမှာ အကူအနေနဲ့ သုံးနိုင်ပါတယ်။ ပိုတက်ဆီယမ်ဆားပါတာကိုတော့ သတိထားရပါမယ်။ သုတေသနအထောက်အထားတွေအရ တစ်ကြိမ်မှာ အရွက် ငါးရွက်လောက်ကို တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ်သောက်တာဟာ အဆင့်(၃)ကျောက်ကပ်သမားတွေထိ အန္တရာယ်နည်းတယ်လို့ ဆိုပါတယ်။ ကော်ဖီပန်းကန်လုံး သုံးလုံးစာကို တစ်ဝက်အတင်ကျိုပြီး သောက်နိုင်ပါတယ်။ ကျောက်ကပ်ရောဂါ မရှိသူက တစ်ကြိမ်လျှင် ၁၀ ရွက်အထိ သုံးနိုင်ပါတယ်။

**ကြိတ်မှန်ပင်**

ကြိတ်မှန်အရွက်ရည်ကို ချောင်းဆိုး၊ ခေါင်းကိုက်ရောဂါ၊ အသည်းရောင်၊ အဆစ်ရောင်ရောဂါကုဆေး၊ အနာအုံဆေး၊ ဖန်ဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။ အရွက်ကို အမှုန့်ထောင်း၍ နှာနှိုက်ဖြင့် နေ့စဉ်သောက်သုံးသော် မျက်စိအမြင်သန်စေတယ်။ ဆွံ့အသောသူများ စကားပြောနိုင်တယ်။ နားပင်းသူများ အသံကြားနိုင်တယ်။ နဲ့နေသော သွားများ ခိုင်မာစေတယ်။ ကြိတ်မှန်ရွက်နဲ့ နှမ်းနက်ကို ဆတူယူ၍ အမှုန့်ပြုလုပ်ပြီး နွားနို့နဲ့ အမြဲမှီဝဲသော် အနာရောဂါကင်းစင်ပြီး အသက်ရှည်ကာ ဆံပင်လည်း နက်လာမယ်။ ကြိတ်မှန်ရွက်ကို ခေါင်းကိုက်ရောဂါ၊ ထိပ်ပြောင် မွေးကျွတ်ရောဂါ၊ အကျိတ်နာ၊ မီးယပ်ထိမ်ခြင်းနှင့် ကာလသားရောဂါတွေမှာ အသုံးပြုကြပါတယ်။

ကြိတ်မှန်ရွက်ရည်နဲ့ ပင်စိမ်းရွက်ရည်ရောပြီး တစ်နေ့လျှင် နှစ်ကြိမ်ခန့် မီးလောင်နာပေါ်တွင် လိမ်းကျံပေးသော် အပူလောင်ခြင်းပျောက်၍ အမာရွတ်များလည်း ပျောက်ကင်းစေပါတယ်။ ကြိတ်မှန်ရွက်၊ ခွေးသေးပန်းရွက်တို့ကို ရှိန်းခိုအနည်းငယ် ထည့်ကြိတ်ပြီး ကလေးနှာပိတ်လျှင် ငယ်ထိပ်မှ နှာခေါင်းအထိ ဆွဲပေးပါက ပျောက်ကင်းစေပါတယ်။ ကျောပူ၊ ခေါင်းပူ၊ ချွဲထဖြစ် နေလျှင် ငယ်ထိပ်တွင် ပါးပါးလိမ်းပေးရပါတယ်။ ကလေးများ သန့်ဝမ်းသွား၊ ကျောက်၊ ဝက်သက်၊ ရေကျောက်ဖြစ်ပါက မိခင်နို့ရည်နဲ့ဖျော်ပြီး တိုက်ပေးနိုင်ပါတယ်။ မီးယပ်သွေးငုပ်လျှင် အရွက်ကို ထန်းလျက်နဲ့ သုံးခွက်တစ်ခွက်တင် ကျိုသောက်သော် သွေးပေါ်စေပါတယ်။

**ဘူးညွန့်**

နေ့စဉ်စားသုံးနေတဲ့ ဘူးညွန့်မှာ အာဟာရဓာတ်များစွာ ပါဝင်နေပြီး ကျန်းမာရေးအတွက် ကောင်းကျိုးတွေ များစွာရရှိစေပါတယ်။

**အစာခြေစနစ်ကို ကောင်းမွန်စေခြင်း**

ဘူးညွန့်မှာ အမျှင်ဓာတ်ကြွယ်ဝတဲ့အတွက် ဝမ်းချုပ်တာကို သက်သာစေပြီး ဝမ်းပျက်ဝမ်းလျှောတာတွေကိုလည်း ပျောက်ကင်းစေပါတယ်။ အူမကြီးကို သန့်စင်စေပြီး အစာခြေစနစ်ကို ကောင်းမွန်စေတဲ့အတွက် အစာကြေလွယ်စေပါတယ်။

**ဝိတ်ကျစေခြင်း**

ဘူးညွန့်မှာ ကယ်လိုရီပါဝင်မှု နည်းပါးပြီး ခန္ဓာကိုယ်ကို ထိန်းညှိပေးနိုင်တဲ့ ဗီတာမင်အမျိုးမျိုး၊ သံဓာတ်၊ ပိုတက်ဆီယမ် နဲ့ မဂ္ဂနီဆီယမ်တို့ ကြွယ်ဝစွာ ပါဝင်နေပါတယ်။

**ဆီးလမ်းကြောင်းပိုးဝင်တာကို သက်သာစေခြင်း**

ဘူးညွန့်ကို အရည်ကြိတ်ပြီး သံပရာရည်နည်းနည်းနဲ့ သောက်သုံးပေးမယ်ဆိုရင် ဆီးလမ်းကြောင်းပိုးဝင်တာကို သိသိသာသာ သက်သာပျောက်ကင်းစေမှာ ဖြစ်ပါတယ်။

**အပူငြိမ်းစေခြင်း**

ဘူးညွန့်ဟာ ခန္ဓာကိုယ်မှာရှိတဲ့ အပူတွေကို ငြိမ်းစေပြီး အစာအိမ်ကို အေးမြစေပါတယ်။ ဆုံးရှုံးသွားတဲ့ ရေဓာတ်တွေကို ပြန်လည်ဖြည့်တင်းပေးနိုင်တဲ့အတွက် ချွေးထွက်များတဲ့ နွေရာသီလိုအချိန်မျိုးမှာ ပိုမိုစားသုံးပေးသင့်ပါတယ်။

**ငှက်ပျောဖူး**

ငှက်ပျောဖူးကို မီးသွေးနဲ့ကျွမ်းအောင်ကင်ပြီး အစိတ်သေးသေးလေးတွေလှီးကာ ရေသုံးလီတာနဲ့ ပြုတ်ပါ။ ရေဆူလာရင် အရည်ကိုစစ်ယူပြီး တစ်နေ့လုံး ရေအစား ငှက်ပျောဖူးပြုတ် ရည်ကို သောက်ပါ။ တစ်ရက်ကို ငှက်ပျောဖူး တစ်ဖူးနှုန်းနဲ့ ခုနစ်ရက် ဆက်တိုက်သောက်ပေးပါက ဆီးချိုရောဂါကို သက်သာစေပြီး သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေပါတယ်။

ပထမ စသောက်တဲ့ ခုနစ်ရက်လောက်က အချိန်မှန်မှန် သောက်ဖို့လိုပေမယ့် နောက်ပိုင်းမှာတော့ နေ့တိုင်းသောက်စရာ မလိုဘဲ လိုအပ်ရင် လိုအပ်သလို သောက်နိုင်ပါတယ်။


ငှက်ပျောဖူးဟာ သွေးကိုလည်း အားကောင်းစေပြီး သွေးအားနည်းရောဂါကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ငှက်ပျောဖူးဟင်းချိုချက်သောက်ခြင်းဟာလည်း သွေးအားကို ကောင်းမွန်စေပါတယ်။

**မုန်လာဥဖြူ**

ကျောက်ကပ် ရောင်သည်ဖြစ်စေ၊ ကျောက်ကပ် ကျောက်တည်သည်ဖြစ်စေ၊ ကျောက်ကပ်ကြောင့် ခါးနာ၊ ခါးကိုက်ခြင်း၊ နံ့ချည့်အော့အန်ခြင်းများအတွက် မုန်လာဥဖြူတစ်လုံးကို သန့်စင်စွာ ဆေးကြောပြီး ရေအနည်းငယ်ထည့်၍ ကြိတ်ချေပါ။ အဖတ်များကို စစ်ထုတ်ပြီး အရည်ကို သောက်ပါ။ ၎င်းကြိတ်ရည် ဝမ်းထဲဝင်သွားသည်နှင့် ခါးနာ၊ ခါးကိုက် ယူပစ်သလို ပျောက်ကင်းသွားပါလိမ့်မယ်။ မုန်လာဥဖြူကြိတ်ရည်ဟာ ကျောက်ကပ်ကို ချက်ချင်းဆေးကြောပေးပါတယ်။ အူကျဝေဒနာရှင်များလည်း အသုံးပြုနိုင်ပါတယ်။ မုန်လာဥဖြူအစိမ်းကို သံပရာသီးနှင့်နှပ်ပြီး အစိမ်းသုပ် သုပ်စားပါက ပို၍ဆေးဖက်ဝင်ပါတယ်။ မုန်လာဥ ဖြူဟာ ကင်ဆာရောဂါမဖြစ်စေရန် ကာကွယ်ပေးတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတယ်။ ကျောက်ကပ်ကို ကျန်းမာစေတယ်။ သွေးပေါင်ချိန်ကို မှန်စေတယ်။ ဝမ်းမှန်စေတယ်။ ကိုယ်အလေးချိန်ကျစေတယ်။ အသားအရေစိုပြည်လှပစေတယ်။ အရွယ်တင်နုပျိုစေပါတယ်။

ကိုးကား – Tik Tok

# မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ




နေပြည်တော် မေ ၁၆

နိုင်ငံတော်အစိုးရ အနေဖြင့် အနာဂတ် မျိုးဆက်သစ်လူငယ်များ အပါအဝင် လူသားမျိုးနွယ်စု တစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါး သယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများကို တိုးမြှင့်လုပ်ဆောင်မှုများကြောင့် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးလျက်ရှိသည့် သောင်းကျန်းသူ အဖွဲ့များနှင့် မူးယစ်ဂိုဏ်းများသည် ရေကြောင်း၏ အားသာချက်ကို အသုံးချကာ ရေလမ်းကြောင်းများမှတစ်ဆင့် သယ်ယူ ပို့ဆောင်လာသည်ကို တွေ့ရှိရသည်။

AA သောင်းကျန်းသူအဖွဲ့ အနေဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏ အနောက်တောင်ဘက် ရေမိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်၌ "အားမာန်သစ်" စက်လှေပေါ်မှ တရားခံ သိန်းဇော်(၄၃)နှစ်၊ သက်ဦး(၅၆)နှစ်၊ အောင်မြင့်(၅၁)နှစ်၊ သိန်းဇော်(၅၆)နှစ်တို့အား ပီနံအိတ် ၃၁ အိတ်ဖြင့် ထည့်သွင်းတင်ဆောင်လာသည့် ICE ၆၁၈ ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဧပြီ ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၏အနောက်ဘက် ရေမိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်၌ ကုန်တင်သင်္ဘောပေါ်မှ တရားခံ ဆန်းလွင်(၆၅)နှစ်၊ စစိန်ငွေသိန်း(၅၄)နှစ်၊ ခန့်ဇင်သန့်(၃၈)နှစ်၊ ဖြိုးသူဝင်း(၂၄)နှစ်၊ ဥက္ကာမင်းမောင်(၂၀)နှစ်၊ အောင်သူထိုက်(၃၁)နှစ်၊ သက်ပိုင်ဦး(၂၂)နှစ်၊ မင်းခန့်ကျော်(၂၀)နှစ်၊ ဇော်လင်း(၂၂)နှစ်၊ ကျော်သူနိုင်(၃၅)နှစ်၊ အောင်သူ(၃၄)နှစ်၊ တင်ဌေး(၆၅)နှစ်တို့အား ပီနံအိတ် ၂၂၀ ဖြင့် ထည့်သွင်းတင်ဆောင်လာသည့် ICE ၃၄၇၅ ကီလိုဂရမ်၊ ကတ်တမင်း ၂၀၀၀ ကီလိုဂရမ်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးများ တင်ဆောင်ပေးခဲ့သည့် တရားခံ ချစ်ဆန်းကို(၄၄)နှစ်အား ဖျာပုံမြို့ရှိ အောင်သရဖူ KTV ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ ဧပြီ ၂၇ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချသည့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံ နေပိုင်လင်း(ခ) အောင်နိုင်ကြွယ်(၃၄)နှစ်နှင့်အတူ ကွင်းဆက်တရားခံများဖြစ်သည့် ကျော်မင်းသန်း(ခ)မောင်လုံး(၃၆)နှစ်၊ အောင်မိုးဝင်း(ခ)ဝင်းခိုင်(၄၅)နှစ်၊ ပြည့်စုံ(ခ)နွားကြီး (၃၅)နှစ်တို့အား ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် FMI အိမ်ရာ အိမ်အမှတ်(အို-၁၁၆)၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် မေ ၁ ရက် နံနက်ပိုင်းတွင် တရားခံ နေပိုင်လင်း(ခ) အောင်နိုင်ကြွယ်နှင့်အတူ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းချရာတွင် ပါဝင်ခဲ့သည့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး အဖွဲ့ဝင်များဖြစ်သော ပိုင်ပိုင်ထွေး(ခ) အောင်နိုင်ထွေး(ခ)အောင်နိုင်သူ(ခ)ပိုင်ပိုင်(၂၆)နှစ်၊ နေ့်နေ့်(၂၄)နှစ်နှင့် ကိုကိုဦး(၅၈)နှစ်တို့အား ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် လည်းကောင်း၊ မေ ၆ ရက် ညနေပိုင်းတွင် ကွင်းဆက်တရားခံ ကောင်းမြတ်သူ (၂၅)နှစ်တို့အား ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မေ ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အောင်သပြေလမ်း အိမ်အမှတ်(၂၀၁-ဘီ)၌ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး ဒုတိယတာဝန်ခံ နေမြင့်ထွန်း(ခ)ပြည့်စုံ(ခ)လူကြီး(၄၁)နှစ်အား ပီနံအိတ် ၃၂ အိတ်အတွင်း ထည့်သွင်းသိုဝှက်ထားသည့် ကတ်တမင်း ကီလိုဂရမ် ၁၀၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်၍ ဖြစ်စဉ်တွင် မူးယစ်ဆေးဝါး တရားခံ ၂၆ ဦးတို့အား ICE ၄၀၉၃ ကီလိုဂရမ်(၁ ကီလိုဂရမ်လျှင် ကျပ်သိန်း ၂၅၀ ဖြင့်)၊ ကတ်တမင်း ကီလိုဂရမ် ၃၀၀၀ (၁ ကီလိုဂရမ်လျှင်ကျပ်သိန်း ၆၀၀ ဖြင့်) ကာလတန်ဖိုးငွေကျပ် ၂၈၂ ဒသမ ၃၂၅ ဘီလီယံခန့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ နေပိုင်လင်း(ခ)အောင်နိုင်ကြွယ်၏ ထွက်ဆိုချက်အရ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့အဖွဲ့ရပ်တည်နိုင်ရေးနှင့် လက်နက်၊ ခဲယမ်းများဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သော ငွေကြေးများရရှိနိုင်ရန် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်တစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ကျယ်ပြန့်စွာ လုပ်ကိုင်လျက်ရှိကြောင်း၊ ယခု ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် တရားခံ ကိုစိုင်း၊ ကိုတရုတ်(ခ)စိုင်းအောင်လှတို့ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ရောင်းချခြင်း ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန် တရားခံ နှစ်ဦးအပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



၂၀၂၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကော့သောင်းမြို့၏ အနောက်ဘက် ရေမိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်၌ မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် အိုက်စ် ၃၄၇၅ ကီလိုဂရမ်၊ ကတ်တမင်း ကီလိုဂရမ် ၂၀၀၀ (ကာလတန်ဖိုးငွေကျပ် ၂၀၆ ဒသမ ၈၇၅ ဘီလီယံခန့်)တင်ဆောင်ထားသည့် ကုန်တင်သင်္ဘောနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် တရားခံ ၁၂ ဦးပါ မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံများ။







၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်တွင် ဖျာပုံမြို့၏အနောက်တောင်ဘက် ရေမိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်၌ မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် အိုက်စ် ၆၁၈ ကီလိုဂရမ် (ကာလတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄၅ ဘီလီယံခန့်)တင်ဆောင်ထားသည့် "အားမာန်သစ်" လှေနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါး မှတ်တမ်းဓာတ်ပုံများ။




ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အောင်သပြေလမ်း အိမ်အမှတ်(၂၀၁-ဘီ)၌ AA သောင်းကျန်းသူအဖွဲ့၏ ထောက်ပံ့ရေး ဒုတိယတာဝန်ခံ နေမြင့်ထွန်း(ခ)လူကြီးနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများ မှတ်တမ်းဓာတ်ပုံ။

# မင်းလှမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၈ သိန်းခန့်အပါအဝင် အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water များ သိမ်းဆည်းရမိ


နေပြည်တော် မေ ၁၆

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက မင်းလှမြို့နယ် ပုသိမ်-မုံရွာသွား ကားလမ်း ရှမ်းတဲကျေးရွာအနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မင်းလှဘက်မှ မင်းတုန်းဘက်သို့ ပြည့်ဖြိုးကျော်မောင်းနှင်ပြီး မဇင်ဇင်ဝေ(ခ)ဇင်ဇင်မာ လိုက်ပါလာသည့် X-TRAIL ယာဉ်နှင့် ရန်နိုင်ထွန်း မောင်းနှင်ပြီး တင်လတ် လိုက်ပါလာသည့် SURF မော်တော်ယာဉ်တို့ကို ရှာဖွေခဲ့ရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ပျဉ်းမနားမြို့မှ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မနန်း(ခ)မျိုးသီရိကျော်နှင့် မျိုးဇော်အောင်တို့နှစ်ဦး၏ မူးယစ်ဆေးဝါးသယ်ဆောင်ရာ၌ အသုံးပြုခဲ့သည့် TOYOTA HILUX SURF ယာဉ်တစ်စီးကို ပျဉ်းမနားမြို့ ရန်အောင် (၂)ရပ်ကွက်ရှိ ၎င်းတို့၏နေအိမ်တွင် သိမ်းဆည်းရမိခဲ့ကြောင်း၊ မျိုးဇော်အောင်နှင့် မနန်း(ခ)မျိုးသီရိကျော်တို့သည် ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာရှိ အောင်နိုင်၏ နွားခြံစတိုအတွင်း ကရင်ပြည်နယ်သို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိုဝှက်ထားကြောင်း သိရသည်။



မင်းလှမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် မူးယစ်ဆေးဝါးသယ်ဆောင်သည့် ဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ဒသမ ၉ သိန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅ ကီလို၊ ကက်တမင်း ၁ ကီလိုနှင့် Happy Water ၂ ဒသမ ၉၄၅ ကီလို သိမ်းဆည်းရမိမှု။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာရှိ အောင်နိုင်၏ နွားမွေးမြူရေးခြံသို့ ဝင်ရောက်ရှာဖွေခဲ့ရာ အောင်နိုင်နှင့် ဇော်ဝင်းတို့နှစ်ဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၇၆ ဒသမ ၁၇၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ငါးကီလို၊ ကက်တမင်းတစ်ကီလိုနှင့် စိတ်ပြောင်းဆေးဝါးများရောစပ်ထားသည့် Happy Water ၂ ဒသမ ၉၁၅ ကီလိုတို့နှင့်အတူ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသတန်ဖိုးငွေကျပ် ၁၆ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ဒသမ ၉ သိန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း)ငါးကီလို၊ ကက်တမင်းတစ်ကီလိုနှင့် စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသည့် Happy Water ၂ ဒသမ ၉၁၅ ကီလို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မေ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ တင်ဆောင်ပေးသူ ထွန်းလင်း(ခ) ရှမ်းကုလားကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ မျိုးဇော်အောင်နှင့် မနန်း(ခ)မျိုးသီရိကျော်တို့သည် ရှမ်းပြည်နယ်မှ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကို ပျဉ်းမနားမြို့နယ်မှ တစ်ဆင့် မင်းတုန်းမြို့နယ်သို့သယ်ဆောင်ရောင်းဝယ်ရာတွင် တင်လတ်(ခ) စောတင်လတ်မှ တာဝန်ခံ၍ ပြည့်ဖြိုး(ခ) ရန်နိုင်ထွန်း၊ မဇင်ဇင်ဝေ(ခ) ဇင်ဇင်မာတို့နှင့်အတူ သယ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကရင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာရှိ အောင်နိုင်၏ နွားခြံတွင် သိုဝှက်ထားရှိကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



မင်းလှမြို့နယ်တွင် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တရားခံများကို တွေ့ရစဉ်။



ပျဉ်းမနားမြို့နယ်တွင် သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တရားခံများကို တွေ့ရစဉ်။

သတင်းစဉ်

---

# ၂၀၂၅ ခုနှစ် လူထုဖြန့် သစ်ပင်ပျိုးပင် ၉၀၀၀၀ ပျိုးထောင်ပြီး အခမဲ့ဖြန့်ဝေပေးမည်

**မိတ္ထီလာ မေ ၁၆**

မိတ္ထီလာမြို့နယ်၌ ၂၀၂၅ ခုနှစ် လူထုဖြန့်သစ်ပင်ပျိုးပေါင်း ၉၀၀၀၀ ကို မိုးရာသီကာ၌ စိုက်ပျိုးပြီး အခမဲ့ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုမောင်ထံမှ သိရသည်။

"၂၀၂၅ ခုနှစ် မိုးရာသီကာလမှာ စိုက်ပျိုးနိုင်ရန်အတွက် လူထုဖြန့် သစ်ပင်ပျိုးပင်ပေါင်း ၉၀၀၀၀ ကို ပျိုးထောင်ပြင်ဆင်ထားရှိပြီး အခမဲ့ဖြန့်ဝေပေးသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တပ်ရင်း/တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများအနေနဲ့ စိုက်ပျိုးလိုတဲ့ သစ်ပင်ပျိုးပင်များရှိရင် မြို့နယ်သစ်တောဦးစီးဌာနကို လာရောက်ပြီး အခမဲ့ထုတ်ယူစိုက်ပျိုးနိုင်ပါတယ်။ အဓိက သစ်ပင်ပျိုးပင်တွေအနေနဲ့ကတော့ ကုက္ကို၊ စိန်ပန်း၊ မန်ကျည်း၊ မဲဇလီ၊ တမာ၊ အရိပ်ရသစ်ပင်ပျိုးပင်တွေ ပါဝင်ပါတယ်"ဟု ၎င်းက ပြောသည်။

လူထုဖြန့်သစ်ပင်ပျိုးပင်များ ဖြန့်ဝေပေးခြင်းအပြင် မြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာတွင် ကျေးရွာအခြေပြု ကျေးရွာထင်းစိုက်ခင်း တစ်ရွာ နှစ်ဧက စီမံချက်ဖြင့် စုစုပေါင်း ခြောက်ဧကတွင် သစ်ပင်ပျိုးပင် ၆၀၀ စိုက်ပျိုးခြင်း၊ ဘက်စုံသုံးစိုက်ခင်း တည်ထောင်ခြင်း၊ ဧက ၃၀တွင် သစ်ပင်ပျိုးပင် ၉၀၀၀ ပင် စိုက်ပျိုးခြင်း၊ ရေဝေရေလဲစိုက်ခင်း ၄၀ ဧကတွင် သစ်ပင်ပျိုးပင်၂၂၀၀ စိုက်ပျိုးခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ သစ်ပင်ပျိုးပင် ၅၀၀ စိုက်ပျိုးခြင်းတို့ကိုလည်း မြို့နယ်သစ်တောဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ လူထုဖြန့်သစ်ပင်ပျိုးပင်များတွင် တမာ ၅၀၀၀ ပင်၊ တပေဘူတ ၁၁၀၀၀ ပင်၊ စိန်ပန်း ၁၀၀၀၀ ပင်၊ မဲဇလီ ၁၂၀၀၀ ပင်၊ မန်ကျည်း ၁၂၀၀၀ ပင်၊ ယူကလစ် ၃၀၀၀ ပင်၊ ယင်းမာ ၅၀၀၀ ပင်၊ ရေတမာ ၁၅၀၀ ပင်၊ ဒဟတ် ၃၀၀၀ ပင်၊ ကုက္ကို ၁၄၀၀၀ ပင်၊ ဗာဒံ ၅၀၀၀ ပင်၊ စိန်တံချူ ၃၅၀၀ ပင်၊ မယ်ဇယ် ၁၀၀၀ ပင်၊ ဆီး ၃၅၀၀ ပင်၊ မာတာကွတ် ၅၀၀ ပင်တို့ ပါဝင်ကြောင်း သိရသည်။

(၄၅၃)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သိလ္လာဂါတ်စုကျေးရွာရှိ ရော်ဘာခြံနှင့် ကော်ဖီသီးညှပ်စိုက်ပျိုးထားမှု ကြည့်ရှုစစ်ဆေး၊ မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ပုသိမ် မေ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက မြောင်းမြမြို့နယ် သိလ္လာဂါတ်စုကျေးရွာရှိ တောင်သူဦးသန့်ဇင်၏ ရော်ဘာခြံနှင့် ကော်ဖီသီးညှပ်စိုက်ပျိုးထားရှိမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုန်ကြမ်းများမှ ကုန်ချောထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်စေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးမှာကြားပြီး ရော်ဘာစေးများအား ခဲကန်အတွင်းထည့်သွင်းခြင်း၊ ခဲကန်အတွင်းရှိ ရော်ဘာအပြားများအား ကြိတ်ခြင်း၊ ရေစစ်ခြင်း၊ နေလှန်းခြင်း၊ မှိုင်းခံခြင်း စသည့်ကုန်ကြမ်းထုတ်လုပ်မှုများကို လည်းကောင်း၊ ရော်ဘာစိုက်ဧက ၄၈ ဧကနှင့် ရိုဘတ်စတာ(TR-4) ကော်ဖီသီးညှပ်စိုက်ဧက ငါးဧက စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပုသိမ်ခရိုင်အသင်းနှင့် ကျုံပျော်ခရိုင်အသင်းတို့ ယှဉ်ပြိုင်မှုကို လည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပုသိမ်ခရိုင်အသင်းနှင့် မြောင်းမြခရိုင်အသင်းတို့ ယှဉ်ပြိုင်မှုကို လည်းကောင်း ကြည့်ရှုအားပေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းမှ အားကစားသမားများအား ဆုဆွဲပြား၊ ငွေသားဆုနှင့် ဆုဖလားကို ချီးမြှင့်ပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မြောင်းမြမြို့နယ် မြကန်သာရပ်ကွက် အပြင်ပတ်လမ်း(စိုက်သီပွံ့လမ်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ(ဝဲပုံ) ဘင်ခရာအဖွဲ့၊ ကရင်ဒုံးယိမ်းအဖွဲ့နှင့် အိုးစည်ဒိုးပတ်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြောင်းမြမြို့နယ် ကျုံဝါး စိုက်ပျိုးရေးပညာပေးစခန်းတွင် ပြုလုပ်သည့် တောင်သူများအား စပါးမျိုးများ၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် မျိုးစေ့ချက်ကိရိယာများ ပေးအပ်ပွဲသို့တက်ရောက်၍တောင်သူများအား ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် အောင်နိုင်တိုး၊ ရေဆင်းပေါ်ဆန်း(၂) စပါးမျိုးများ၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် စပါးမျိုးစေ့ချက်ကိရိယာများ ပေးအပ်သည်။

အလားတူ ဝါးခယ်မမြို့နယ် ကံကွင်းကျေးရွာအုပ်စုသို့ သွားရောက်၍ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တောင်သူများအား ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် အောင်နိုင်တိုးစပါးမျိုးများ ပေးအပ်သည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ဖျာပုံတာမံကျေးရွာရှိ စိန်ရတနာဖြိုး ဥစားဘဲမွေးမြူရေးခြံသို့ သွားရောက်၍ ဥစားဘဲမွေးမြူရေးခြံတွင် ဘဲကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး မွေးမြူရေးခြံဖျန်း ပိုးသတ်ဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



## MFF နွေရာသီ အခြေခံဘောလုံးသင်တန်း(မန္တလေး) ပထမအသုတ် သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး မေ ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စီစဉ်သည့် MFF Summer Football Skills Course 2025 (AYA Pay | M21) နွေရာသီအခြေခံဘောလုံး အခမဲ့ သင်တန်း(မန္တလေး) ပထမအသုတ်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တွင် ကျင်းပပြုလုပ်ခဲ့သည်။

နွေရာသီအခြေခံ ဘောလုံးအခမဲ့သင်တန်း(မန္တလေး) ပထမအသုတ်သို့ သင်တန်းသား ၂၀၀ ဦး တက်ရောက်ခဲ့ပြီး ဒုတိယအသုတ်သင်တန်းကို မေ ၁၉ မှ ၃၀ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယခုနှစ် နွေရာသီသင်တန်း MFF Summer Football Skills Course 2025 အခမဲ့ သင်တန်းများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်မြို့များတွင် ဖွင့်လှစ်နေပြီး သင်တန်းသား ၁၄၀၀ ကျော်တက်ရောက်လျက်ရှိကြောင်း သိရသည်။

(NGB)